# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၈၄]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဘုရင်မွေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင်ကျရောက်သည့် ဂျပန်ဘုရင် အာကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျပန်ဘုရင်အာကီဟီတိုနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်မစ္စတာရှင်ဇိုအာဘေးတို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့သည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်ရာ၌ နိုင်ငံတော်အနေဖြင့် မည်သည့်အဖွဲ့ကိုမျှ ချန်ထားခဲ့ရန်မရှိ မျှော်လင့်ချက်ကောင်းများထွက်ပေါ်လာရန် သဘောထားမှန်မှန်ကန်ကန်ဖြင့် ညှိနှိုင်းဖြေရှင်းသွားကြမည်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားမြို့သို့ ရောက်ရှိကြရာ မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌ ဦးစိုင်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့်တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မိုင်းလားအထူးဒေသ(၄) ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် မိုင်းလားမြို့ ရွှေဟသ်ာဟိုတယ်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁*



ကလေးဝချင်းတွင်းမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကိုတွေ့ရစဉ်။

# ကလေးဝ ချင်းတွင်းမြစ်ကူးတံတား တည်ဆောက်မှုလုပ်ငန်း ၆၀ ရာခိုင်နှုန်းပြီးစီး

**ကလေးဝ ဒီဇင်ဘာ ၂၂**

ကလေးဝချင်းတွင်းမြစ်ကူးတံတားကို ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေကျပ်သန်း ၉၂၀ အကုန်အကျခံ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ ယခုအခါ ပင်မတံတားရေလယ်တိုင် တည်ဆောက်မှုလုပ်ငန်းနှင့်ချဉ်းကပ်လမ်းဖောက်လုပ်မှု လုပ်ငန်းတို့မှာ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေး တာဝန်ရှိအင်ဂျင်နီယာ ဦးဇေယျာစိုးက ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁*


## ယနေ့ — မာတိကာ

**သတင်းကောင်း**

ဆောင်းပါး — စာ » ၆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ်အတွင်း ပြောကြားခဲ့သည့် မိန့်ခွန်းများ စာအုပ်ထွက်ရှိမည် — စာ » ၉

မူဆယ်-ကျယ်ဂေါင်ငွေ ဈေးမြင့်တက်မှုကြောင့် ဆိုင်ကယ်အသစ် ရောင်းချသူများနှင့် ကုန်ရောင်း/ကုန်ဝယ် သမားများ အလုပ်မဖြစ် — စာ » ၁၄





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကုန်သွယ်ရေကြောင်း ပို့ဆောင်ရေးနိုင်ငံ

မြန်မာနိုင်ငံ၌ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကြီးသုံးခုသည် နောင်အနာဂတ်တွင် အရှိန်အဟုန်အားကောင်းစွာ ဖွံ့ဖြိုးလာမည့် စီးပွားရေးအခြေခံ အုတ်မြစ်ကောင်းများ ဖြစ်ပါသည်။ အထူးစီးပွားရေးဇုန်များ နှစ်အလိုက် လျာထားစီမံကိန်းများ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ဖွံ့ဖြိုးမှုအသီးအပွင့်များကို တစ်စတစ်စ ခံစားရရှိလာနိုင်မည်ဖြစ်ပါသည်။ လာမည့်အစိုးရ ငါးနှစ်တာကာလအတွင်း အထူးစီးပွားရေးဇုန်ကြီး သုံးခုစလုံး ရုပ်လုံးပေါ်ဖွံ့ဖြိုးလာပြီး ဖွံ့ဖြိုးရေးအသီးအပွင့်များကို စတင်ခံစားနိုင်မည့် အနေအထားရှိပါသည်။

ဤအထူးစီးပွားရေးဇုန်များကို လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၁ ခုနှစ်မှစတင်ကာ မူဝါဒပိုင်းအဆင့်၊ ညှိနှိုင်းမှုအဆင့်နှင့် အကောင်အထည်ဖော်မှုအဆင့်ဟူ၍ ဆောင်ရွက်ခဲ့ရာ သီလဝါအထူးစီးပွားရေးဇုန်မှာ စတင်ရုပ်လုံးပေါ်လာနေပြီ ဖြစ်ပါသည်။ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှစ်ခုသည် မရှေးမနှောင်း အပြိုင်ပေါ်ထွက်လာမည့် စီးပွားရေးဇုန်များ ဖြစ်ပါသည်။ ဤအထူးစီးပွားရေးဇုန်ကြီးသုံးခုစလုံးသည် ပင်လယ်ဆိပ်ကမ်းများကို အခြေခံထားခြင်းဖြစ်၍ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရေကြောင်းကုန်သွယ်မှု ပြုလုပ်နိုင်မည်ဖြစ်ခြင်းကြောင့် စင်ကာပူနိုင်ငံကဲ့သို့ အဓိကဆိပ်ကမ်း မြို့ကြီးများအဖြစ် ပေါ်ထွက်လာမည့် အနေအထားဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဤအထူးစီးပွားရေးဇုန်ဆိပ်ကမ်းမြို့ကြီးများသည် မြန်မာနိုင်ငံအား ကုန်သွယ်ရေကြောင်းပို့ဆောင်ရေး နိုင်ငံအဖြစ်သို့ ပြောင်းလဲသွားနိုင်မည်ဖြစ်ပါသည်။ လာမည့် အစိုးရလက်ထက်တွင် နိုင်ငံခြားအရင်းအနှီးများ ဖိတ်ခေါ်ပြီး အထူးစီးပွားရေးဇုန်ကြီးများအတွင်း အားထည့်လုပ်ကိုင်သွားနိုင်မည်ဆိုလျှင် အချိန်တိုကာလအတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

အထူးစီးပွားရေးဇုန်များ လျင်မြန်စွာ အကောင်အထည်ပေါ်လာသည်နှင့်အမျှ မြန်မာနိုင်ငံသားများအတွက် လက်တွေ့အကျိုးခံစားနိုင်မှုအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ဒေသခံပြည်သူများ နိုင်ငံတကာအဆင့်နှင့် လိုက်လျောညီထွေစွာ ဝင်ငွေရရှိနိုင်မည့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် လူနေမှုအဆင့်အတန်းများလည်း တိုးတက်လာမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပို့ကုန်၊ သွင်းကုန်၊ ထုတ်ကုန်များမှတစ်ဆင့် အခွန်အကောက်များရရှိကာ ပြည်သူ့ဘဏ္ဍာငွေမှာလည်း တောင့်တင်းခိုင်မာလာမည်ဖြစ်ပါသည်။ နောက်ဆုံးတွင် မြန်မာ့စီးပွားရေးတစ်ရပ်လုံးသည် လက်ရှိသယံဇာတထုတ်ကုန်များကို အခြေခံသည့် စီးပွားရေးမှသည် ကုန်သည်ရေကြောင်းပို့ဆောင်ရေးကို အခြေခံသည့် စီးပွားရေးနိုင်ငံအဖြစ်သို့ ပြောင်းလဲလာမည်ဖြစ်၍ စီးပွားရေးအခြေခံကောင်းဆိပ်ကမ်းမြို့ကြီးများအဖြစ်သို့ အလျင်အမြန်ရောက်ရှိစေရန် အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ အချိန်တိုအတွင်း အောင်မြင်မှုများရရှိအောင် အားသွန်ခွန်စိုက် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။


# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ |
| | | Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းသည် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့်သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းခြင်း၊ မျက်စိနှင့် သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ်ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်က နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာ၌ ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဂျိဂျိစန်းက အမှာစကားပြောကြားပြီး လက်ထောက်ဆရာဝန်ဒေါက်တာသက်နိုင်ဦးက ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ကလေးများအသက်ရှူလမ်းကြောင်း သိကောင်းစရာများအကြောင်းကို အသိပေးပြောကြားသည်။ ထို့နောက် အဘိုးအဘွားများကို အားဆေးနှင့်အာဟာရများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင် မိခင်များကို တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများကို လည်းကောင်း၊ ကျေးရွာ စာကြည့်တိုက်အတွက် မေတ္တာစမ်းရေမဂ္ဂဇင်းများကိုလည်းကောင်း လှူဒါန်းသည်။

ဆက်လက်၍ ကိုယ်ဝန်ဆောင် ၂၄ ဦး၊ သက်ကြီးဘိုးဘွား ၁၁၃ ဦး၊ မျက်စိလူနာ ၆၂ ဦး၊ သွားနှင့်ခံတွင်းလူနာ ၁၅ ဦးနှင့် အထွေထွေလူနာ ၁၀၀၊ ကလေး ၁၆ ဦးနှင့် ခွဲစိတ်မည့် လူနာ ၁၃ ဦး စုစုပေါင်း ၃၄၃ ဦးတို့ကို ကုသပေးခဲ့ပြီး ညွှန်းပို့ရန်လိုအပ်သောလူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# လိန်ပင်ချောင်းတံတားအား ပြုပြင်ပေးစေလို

**ထင်သာမြင်သာ ပြုပြင်စရာ**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာအုပ်စု ညောင်လေးပင်-ရေဖြူကန် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ လိန်ပင်ချောင်း အမှတ်(၂)တံတားသည် မိုးတွင်းကာလ ရေကြီးနစ်မြုပ်မှုကြောင့် တံတား၏ ချဉ်းကပ်မြေသားများနှင့် အခင်းသစ်သားများ ရေတိုက်စားခဲ့ရာ စေတနာရှင်များနှင့် ကျေးရွာနေပြည်သူများ စုပေါင်း၍ အသေးစားပြုပြင်ခဲ့ခြင်းကြောင့် မိုးတွင်းကာလ၌ သွားလာနိုင်ခဲ့သည်။ ယခုအခါ အောက်ခြေတိုင်များ ကျိုးကျကာ တံတားတစ်ခြမ်းပါ ပြိုကျပျက်စီးလာသည်။ **(ယာပုံ)** အဆိုပါတံတားပေါ်တွင် နေ့စဉ် သွားလာနေကြသော ကျောင်းသား ကျောင်းသူနှင့် ကျေးရွာနေပြည်သူများ အန္တရာယ်ကြားမှ သတိကြီးစွာသွားလာနေကြရသည်။

ယခုတွေ့မြင်နေရသည့် တံတားသည် အရှည် ပေ ၆၀၊ အကျယ် ၁၅ ပေရှိ သစ်သားတိုင်၊ သစ်သားအခင်း တံတားဖြစ်ပြီး ရေဖြူကန်ကျေးရွာအုပ်စု၊ ငွေကုန်းကျေးရွာအုပ်စု၊ မိုးခို ကျေးရွာအုပ်စု၊ ဒလဆိပ်ကျေးရွာအုပ်စုနှင့် ရွှေကျင် မြို့နယ်အထိ ကျေးရွာ ၂၀ ခန့်မှ ပြည်သူများ နေ့စဉ်သွားလာနေသော အကျိုးပြုတံတားဖြစ်ကြောင်း သိရသည်။



ထို့ကြောင့် ဒေသခံပြည်သူများက ကျေးရွာအများစုအတွက် အကျိုးပြုနေသည့် လိန်ပင်ချောင်းတံတားအား အန္တရာယ်ကင်းစွာ လိုရာခရီး စိတ်အေးချမ်းသာစွာ သွားလာနိုင်ရန် တံတားတစ်ခုလုံးမပျက်စီးခင် သက်ဆိုင်ရာမှ အချိန်မီ ပြန်လည်ပြုပြင်ပေးစေလိုကြောင်း သိရသည်။

ခင်မောင်လွင်




# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ၊ ရှင်ပွဲနှင့် စျေးရောင်းပွဲတော်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ၊ ရှင်ပွဲနှင့် စျေးရောင်းပွဲတော်ကို G.E.T.C ပညာရေးကောလိပ်ကကြီးမှူး၍ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပရာ ခေတ်ပေါ်အဆိုတော်များ၊ အိပ်မက်ဆုံရာမှ အဆိုတော်များက ပါဝင်သီဆိုဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ ပညာရေးကောလိပ်ကျောင်းပေါင်းစုံမှ လာရောက်၍စျေးရောင်းပွဲတော်ကျင်းပခဲ့သည်။ အဆိုပါ စျေးရောင်းပွဲတော်မှရရှိသည့် ရောင်းရငွေများကို မိဘမဲ့ ကလေးများပညာရေးရန်ပုံငွေအဖြစ် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၂၂-၁၂-၂၀၁၅

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၀၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၅၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၅.၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၄.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၉.၁၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၉၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၃၄ |
| တရုတ် | တစ်ယွမ် | ၂၀၁.၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၁.၆၆ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု စနစ်တကျရှိစေရေးနှင့် ဝန်ကြီးဌာနများလွှဲပြောင်းမှု ချောမွေ့အဆင်ပြေစေရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှုအထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အသွင်ကူးပြောင်းရေးအဖွဲ့တို့အကြား ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းသည့် အခမ်းအနားကို နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပနိုင်ရေးဆိုင်ရာ လျာထားချက်များ၊ ဝန်ကြီးဌာနများအလိုက် စနစ်တကျ လွှဲပြောင်းနိုင်ရေးအတွက် လွှဲပြောင်းပေးရမည့်လုပ်ငန်းစဉ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို နှစ်ဖက်ညှိနှိုင်း၍ သတ်မှတ်သွားမည်ဖြစ်သည်။

အစည်းအဝေးသို့ နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းမှုအထောက်အကူပြုကော်မတီမှ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနှင့် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူး ဦးဇော်ဌေးတို့တက်ရောက်ခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အသွင်ကူးပြောင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်၊ ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးအောင်နှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာအောင်သူတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)၊ (ဓာတ်ပုံ-မြန်/ဆက်)**



# ဆိုလာမီးအိမ်ပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာသင်ကျောင်းများမှတစ်ဆင့် ပညာရေးကို ရှင်သန်အားကောင်းစေခြင်းစီမံကိန်းအတွက် Eneloop Solar မီးအိမ်ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) မြန်မာရုံးအကြီးအကဲ Mr.Sardar Umar Alam က အဆိုပါစီမံကိန်း ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Panasonic Asia Pacific မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr.Hisakazu Maeda က စီမံကိန်းဆောင်ရွက်မှုကို လည်းကောင်း၊ Panasonic Corporation မှ တာဝန်ရှိသူတစ်ဦးက ပုဂံဒေသတွင် နေရောင်ခြည်စွမ်းအင်သုံး Eneloop Solar မီးအိမ်တပ်ဆင်ခြင်းကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် UNESCO နှင့် Panasonic တို့မှ တာဝန်ရှိသူများက Eneloop Solar မီးအိမ်ကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်ထံသို့ လွှဲပြောင်းပေးအပ်သည်။ UNESCO နှင့် Panasonic တို့မှ တာဝန်ရှိသူများက အဆိုပါစီမံချက်နှင့် ပတ်သက်၍ မီဒီယာများ၏မေးမြန်းချက်ကို ပြန်လည်ဖြေကြားကြသည်။

ပညာရေးဝန်ကြီးဌာန၏ ပူးပေါင်းကူညီမှုဖြင့် UNESCO နှင့် Panasonic Corporation တို့ ပူးပေါင်းဆောင်ရွက်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် စာသင်ကျောင်းများမှတစ်ဆင့် ပညာရေးကို ရှင်သန်အားကောင်းစေခြင်း စီမံကိန်းဖြင့် ပုဂံဒေသရှိ ကျောင်းပေါင်း ၄၀ တွင် Eneloop Solar မီးအိမ်အစုံ ၅၀၀ ကို အကောင်အထည်ဖော်တပ်ဆင်မည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဂျပန်ဘုရင်မွေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင်ကျရောက်သည့် ဂျပန်ဘုရင် အာကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမီအို ခီရှီဒါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# (၃၄)ကြိမ်မြောက် မြန်မာ့ပုလဲရောင်းချပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း၏ (၃၄)ကြိမ်မြောက် မြန်မာကျပ်ငွေဖြင့် မြန်မာ့ပုလဲရောင်းချပွဲကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ စတင်ကျင်းပသည်။ **(ယာပုံ)**

ပုလဲရောင်းချပွဲတွင် အတွဲပေါင်း ၃၇၆ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ယနေ့တွင် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို လာရောက်ကြည့်ရှုသူများနှင့် စည်ကားလျက်ရှိသည်။ ပုလဲအတွဲ အမှတ်(၁)မှ (၁၂၇) အထိကို ဒီဇင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ အတွဲအမှတ်(၁၂၈)မှ (၂၅၃) ကို ညနေ ၄ နာရီတွင်လည်း ကောင်း၊ အတွဲ(၂၅၄)မှ (၃၇၆)အထိ ကို ဒီဇင်ဘာ ၂၄ ရက်တွင်လည်းကောင်း တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ပုလဲရောင်းချပွဲများအနေဖြင့် နှစ်လယ်ပြပွဲ၊ အထူးပြပွဲ၊ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲအပါအဝင် ပြပွဲပေါင်း ၁၁၉ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပိုလန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဝါဆောမြို့၌ ပိုလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အန်ဒရစ်(ဂျ)ဒူဒါထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မြင်းခြံအကျဉ်းထောင်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြင်းခြံအကျဉ်းထောင်အတွင်း အစာငတ်ခံဆန္ဒပြသူ အကျဉ်းသားနှစ်ဦးအပေါ် ပြုမူဆက်ဆံမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို ယနေ့ရက်စွဲပါ သတင်းထုတ်ပြန်ချက်အမှတ်(၁၇/၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့သည်။

အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံအား မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ Website www.mnhrc.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**■ ရှေ့ဖုံးမှ**

အဆိုပါတံတားကို တံတားရေလယ်တိုင် တည်ဆောက်ရန်နှင့် ချဉ်းကပ်လမ်းဖောက်လုပ်ရန်အတွက် ချထားပေးခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မိုးရာသီအကုန်မှစတင်၍ ပင်မတံတားတည်ဆောက်မှု လုပ်ငန်းကို တံတားအထူးအဖွဲ့(၁၁)က လည်းကောင်း၊ ကလေးဝဘက်ကမ်း ချဉ်းကပ်လမ်းဖောက်လုပ်မှု လုပ်ငန်းကို လေယာဉ်အထူးအဖွဲ့(၃) က လည်းကောင်း လူအင်အား၊ စက်ယန္တရားတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီချင်းတွင်းမြစ်ကူးတံတားကြီး တည်ဆောက်လိုက်ခြင်းအားဖြင့် ချင်းပြည်နယ်မြောက်ပိုင်း ကုန်းလမ်းဆက်သွယ် သွားလာမှုတွေ၊ တမူး၊ ကလေး၊ မော်လိုက် ကုန်စည်စီးဆင်းမှုတွေ အဆင်ပြေချောမွေ့လာပါမယ်" ဟု ကလေးဝဒေသခံ ကုန်ပို့ကိုယ်စားလှယ် ဦးမြင့်ကျော်က ပြောကြားခဲ့သည်။

**သက်ဟန်(မြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး၌ နေရာကွက်ကျား မိုးဆက်လက်ရွာမည်

နေပြည်တော် ဒီဇင်ဘာ ၂၂

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

**မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ရွာမည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။**

(မိုး/ဇလ)

# ဟစ်ဇ်ဘိုလာခေါင်းဆောင် ဆာမီယာကွန်တာ သေဆုံးမှု အစ္စရေးအား လက်စားချေသွားရန်ပြောကြား



ဘေရွတ်တောင်ပိုင်းဆင်ခြေဖုံး၌ ဆာမီယာကွန်တာ၏ အလောင်းကို ထမ်းလာသူများအား တွေ့ရစဉ်။

**ဘေရွတ် ဒီဇင်ဘာ ၂၂**

ဆီးရီးယားတွင် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားသော နာမည်ကြီး ဟစ်ဇ်ဘိုလာစစ်သွေးကြွခေါင်းဆောင် ဆာမီယာကွန်တာ သေဆုံးမှုအတွက် အစ္စရေးကို လက်စားချေတုံ့ပြန်သွားရန် သန္နိဋ္ဌာန်ချထားပြီဖြစ်ကြောင်း ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့က တနင်္လာနေ့တွင် ကြေညာလိုက် သည်။

ဘေရွတ်မြို့တောင်ဘက် ရှီးယိုက်မွတ်စလင်သင်္ချိုင်းသို့ ကွန်တာ၏ အလောင်းကိုထမ်းလာသော စစ်ယူနီဖောင်းဝတ် ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများအား ထောင်နှင့်ချီသော လူအုပ်ကြီးက "အစ္စရေးတွေကို သတ်ပစ်၊ သတ်ပစ်" ဟူ၍ ကြွေးကြော်ခဲ့ကြသည်။

"ကျွန်တော်တို့အနေနဲ့ ဆာမီယာကွန်တာကို အစ္စရေးတို့က တမင်တကာ ဗုံးကြဲတိုက်ခိုက်ခဲ့တယ်ဆိုတာ သံသယမရှိသလို မေးခွန်းထုတ်စရာလည်း မရှိပါဘူး"ဟု ဟစ်ဇ်ဘိုလာခေါင်းဆောင် ဆေယက်ဟက်ဆန်နာ ဆာရာလားက ၎င်းအဖွဲ့၏ အယ်လ်မာနာ ရုပ်သံချန်နယ်မှတစ်ဆင့် ပြောကြားသည်။ ကွန်တာသည် ၁၉၇၉ ခုနှစ်က အစ္စရေးလေးဦး သေဆုံးသည့် တိုက်ခိုက်မှုအတွင်း ပါဝင်ခဲ့သူဖြစ်ပြီး အစ္စရေးတွင် ထောင်ဒဏ်ကျခံခဲ့ရသူဖြစ်သည်။ ၎င်းသည် ပါလက်စတိုင်း စစ်သွေးကြွအဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပြီး ၂၀၀၈ ခုနှစ်က လက်ဘနွန်သို့ နေရပ်ပြန်ပို့ပြီးနောက် ဟစ်ဇ်ဘိုလာအဖွဲ့သို့ ဝင်ရောက်ခဲ့သည်ဟု ဆိုသည်။

ဆီးရီးယားမြေမှ တိုက်ခိုက်မှုများပြုလုပ်ရန် စီစဉ်နေသော ၎င်းသေဆုံးမှုအတွက် အစ္စရေးတို့က ကြိုဆိုလိုက်သည်။ **(ရိုက်တာ)**

# လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့ ရွှေ့ပြောင်းဒုက္ခသည် ၁၀၈ ဦးကို လစ်ဗျားကမ်းလွန်တွင် ကယ်တင်

**ထရီပိုလီ ဒီဇင်ဘာ ၂၂**

ဥရောပသို့ရောက်ရှိရန် လှေတစ်စင်းဖြင့် သွားနေသော ရွှေ့ပြောင်းအခြေချသူများ တနင်္လာနေ့က လစ်ဗျား ကမ်းလွန်တွင် နစ်မြုပ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၀ ဦး ပျောက်ဆုံးလျက်ရှိကာ ၁၀၀ ကျော်ကို ကယ်တင်နိုင်ခဲ့ကြောင်း လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။

လူ ၁၀၈ ဦးကို ကယ်တင်နိုင်ခဲ့ပြီး နှစ်ဦးမှာ ရေနစ်သေဆုံးခဲ့ကြောင်း၊ အခြား ၁၀ ဦးမှာလည်း ပျောက်ဆုံးလျက်ရှိကြောင်း လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့ ဗိုလ်မှူး အယ်လ်ဘတ်ဒ်ရီက ပြောသည်။

ထရီပိုလီမြောက်ဘက် ခြောက်မိုင် (၁၀ ကီလိုမီတာ)အကွာ ဂျန်ဇော မြို့အနီး လစ်ဗျားကမ်းလွန်တွင် လှေမှာ လုံးဝနီးပါး နစ်မြုပ်ခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့ ဗိုလ်မှူးအယ်လ်ဘတ်ဒ်ရီကပြောသည်။ ကယ်ဆယ်ခံရသူများသည် အသက်ကယ်အင်္ကျီဝတ်ဆင်ထားခြင်းမရှိကြောင်း အေအက်ဖ်ပီ ဓာတ်ပုံသတင်းထောက်တစ်ဦးက ပြောသည်။

၎င်းတို့ကို ထိန်းသိမ်းရေးဌာနသို့ လွှဲပြောင်းခြင်းမပြုမီ ကမ်းခြေစောင့်တပ်ဖွဲ့များက ထရီပိုလီရေတပ်အခြေစိုက်စခန်းသို့ ခေါ်ဆောင်လာပြီး အဝတ်အထည်များ၊ စောင်များပေးအပ်ခဲ့သည်။ လစ်ဗျားနိုင်ငံသည် ဥရောပသို့ရောက်ရှိလိုသော ရွှေ့ပြောင်းအခြေချသူများအတွက် နှစ်ပေါင်းများစွာကတည်းက တစ်ထောက်နားရာနေရာ ဖြစ်နေသည်။ သို့သော်လည်း ၂၀၁၁ ခုနှစ်တွင် မွမ်မာကဒါဖီကျဆုံးပြီးနောက် မှောင်ခိုသမားများသည် ၎င်းတို့၏ အကျိုးအမြတ်များစွာရသော မှောင်ခိုလုပ်ငန်းကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ယခုလအစောပိုင်းကလည်း အီတလီ ကမ်းခြေစောင့်တပ်များက လစ်ဗျားကမ်းလွန်တွင် သုံးရက်အတွင်း ရွှေ့ပြောင်းအခြေချသူ ၄၆၀၀ ကျော်ကို ကယ်ဆယ်ခဲ့ကြောင်း ပြောကြားသည်။

နိုဝင်ဘာနှောင်းပိုင်းတွင် ရွှေ့ပြောင်းဒုက္ခသည်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့ကြီးက ယခုနှစ်အထိ ရွှေ့ပြောင်းဒုက္ခသည်ပေါင်း ၈၆၀၀၀၀ နီးပါး ဥရောပသို့ရောက်ရှိလာကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း ရွှေ့ပြောင်းဒုက္ခသည် ၃၅၀၀ ကျော်မှာ မြေထဲပင်လယ်ကို ဖြတ်ကျော်စဉ် အသက်ဆုံးရှုံးခဲ့ကြောင်း ယင်းအဖွဲ့ကြီးက ထပ်မံပြောခဲ့သည်။ **(ဆင်ဟွာ)**



လစ်ဗျားကမ်းလွန်တွင် လှေနစ်မြုပ်ရာမှ ကမ်းခြေစောင့်အဖွဲ့က ကယ်တင်ခဲ့သော တရားမဝင်ရွှေ့ပြောင်းဒုက္ခသည်အချို့ကို ဒီဇင်ဘာ ၂၁ ရက်က တွေ့ရစဉ်။

# အိန္ဒိယတပ်ဖွဲ့ဝင် ၁၀ ဦး လေယာဉ်ပျက်ကျ သေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၂၂**

အိန္ဒိယနယ်စပ်လုံခြုံရေးတပ်ဖွဲ့၏ ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသော လူ ၁၀ ဦးပါဝင်သည့် လေယာဉ်သည် နယူးဒေလီမြို့ ပလမ်လေဆိပ်မှ ပျံသန်းထွက်ခွာပြီး မကြာမီပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် လေယာဉ်ပေါ်ပါ လူ ၁၀ဦးလုံးသေဆုံးခဲ့ကြောင်း အရာရှိများကပြောသည်။

နယ်စပ်လုံခြုံရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗွီအန်ပါရာရှာက ဘီး၁ိ ကရက်ဖ်စူပါကင်း လေယာဉ်သည် နယ်စပ်လုံခြုံရေး တပ်ဖွဲ့ဝင် ၁၀ဦးကိုသယ်ဆောင်၍ အိန္ဒိယအရှေ့ပိုင်းပြည်နယ်ဖြစ်သော ရမ်ချီသို့ထွက်ခွာစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းပြောခဲ့သည်။

"နယူးဒေလီ အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာလေဆိပ်အနီးမှာ နယ်စပ်လုံခြုံရေးလေယာဉ်ပေါက်ကွဲမှုဖြစ်ပွားတဲ့သတင်းက တကယ့်ကို ရင်နာစရာကောင်းပါတယ်။ လေယာဉ်ပေါက်ကွဲပျက်ကျရာနေရာကို ချက်ချင်းသွားမယ်" ဟု အိန္ဒိယပြည်ထဲရေးဝန်ကြီး ရာ့ဂျ်နက်သ်ဆင်းဂျ်က တွစ်တာတွင် ဖော်ပြသည်။ လေယာဉ်ပျက်ကျမှုသည် ဒေလီအနောက်တောင်ဘက် ဒွါကာမြို့ရှိ ရှာဟာဘတ်မီးရထားဘူတာရုံအနီးတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာနေရာတွင် ရဲများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သေဆုံးသူများကို ရှာဖွေနေကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အာဖဂန်သို့ ဗြိတိန်တပ်ဖွဲ့ စေလွှတ်

**လန်ဒန် ဒီဇင်ဘာ ၂၂**

ခရိုင်မြို့တော် ဆာဂျင်မြို့ တာလီဘန်လက်အောက်ကျရောက်ခဲ့ကြောင်း သတင်းထွက်ပေါ်ခဲ့ပြီးနောက် အာဖဂန်တောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်လိုက်ပြီဖြစ်ကြောင်းဗြိတိန်က အင်္ဂါနေ့တွင် ပြောသည်။

အဆိုပါမြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲဌာနချုပ်ကို ဝိုင်းထားသော တာလီဘန်တိုက်ခိုက်ရေးသမားများအား ရဲအဖွဲ့က လိုက်လံချေမှုန်းနေကြောင်း၊ သို့သော် အဆိုပါမြို့သွားရောက်ရာလမ်းကို တာလီဘန်တို့က လုံးဝထိန်းချုပ်ထားကြောင်း ဟယ်လ်မန့်ပြည်နယ်အုပ်ချုပ်ရေးမှူးက တနင်္လာနေ့တွင် ပြောသည်။ ဗြိတိန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်ဆင်တိုက်ခိုက်မှုများ အဆုံးသတ်ခဲ့သည်။

သို့သော်လည်း တပ်ဖွဲ့ဝင် ၄၅၀ ခန့်သည် အာဖဂန်လုံခြုံရေးတပ်များကို ကူညီရန်ထားရှိကာ ဟယ်လ်မန့်တွင် အကြံပေးအဖွဲ့အဖြစ် ဆက်လက်ထားရှိသည်ဟု ဆိုသည်။ အဆိုပါမြို့ကို ကာကွယ်ရန် အာဖဂန်တပ်များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အမေရိကန်အထူးတပ်ဖွဲ့ဝင် ၆၀ နှင့်အတူ ဗြိတိန်အထူးတပ်ဖွဲ့ဝင် ၃၀ စေလွှတ်ခဲ့သည်ဟု ဆိုသည်။ **(ရိုက်တာ)**

# အိုင်အက်စ်အဖွဲ့သို့ဝင်ရောက်ရန် အာဖဂန်လူမျိုးများအား ရေဒီယိုအသံလွှင့်၍ လူသစ်စုဆောင်း

**ဂျာလာလာဘတ် ဒီဇင်ဘာ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ အိုင်အက်စ်စစ်သွေးကြွများက ဒေသတွင်းကြီးမားသော အစ္စလာမ့်စ်အဖွဲ့ကြီးအဖြစ် တည်ဆောက်သွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ရေဒီယိုအသုံးပြု၍ တပ်သားစုဆောင်းမှုများ ပြုလုပ်လျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အာဖဂန်လူငယ်များ အိုင်အက်စ်အဖွဲ့သို့ ဝင်ရောက်နိုင်သည့် လမ်းကြောင်းဖြစ်ခြင်းကြောင့် အဆိုပါ ရေဒီယိုအသံလွှင့်မှုများအပေါ် တာဝန်ရှိသူများက စိုးရိမ်ပူပန်မှုများ မြင့်တက်လာသည်ဟု ဆိုသည်။

အဆိုပါရေဒီယိုအသံလွှင့်မှုများ ဆက်လက်ပြုလုပ်နေမည်ဆိုလျှင် အာဖဂန်နစ္စတန်နိုင်ငံ၏အနာဂတ်သည် မျှော်လင့်ချက်လျော့နည်းလာပြီး စီးပွားရေးကျပ်တည်းမှုများနှင့် ရင်ဆိုင်ရနိုင်ကြောင်း တာဝန်ရှိသူများက ပြောသည်။

"လူအများစုက အလုပ်မရှိကြပါဘူး။ ဒီရေဒီယိုအသံလွှင့်မှုကိုပဲ နားထောင်နေကြတာပါ။ အိုင်အက်စ်အဖွဲ့ကပေးမယ့် ရာထူးအဆင့်အတန်းတွေကို စိတ်ဝင်စားနေကြတာပါ" ဟု နာဂါဟာရှိ ပြည်နယ်ကောင်စီအကြီးအကဲ အာမက်အလီဟာဇတ်က ပြောသည်။

နောင်းဒွေ့ရှ်ဒေသသည် ဂျာလာလာဘတ်မြို့အပြင်ဘက် ခုနစ်ကီလိုမီတာခန့်သာကွာဝေးပြီး အစိုးရအနေဖြင့် ၎င်း၏ ရုပ်သံထုတ်လွှင့်မှုကို လွှမ်းမိုးနိုင်ခြင်းမရှိသည့်အတွက် ကဘူးလ်မြို့မှပင်လူသစ်များ စုဆောင်းနေကြောင်း ပြောသည်။ **(ရိုက်တာ)**

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# အာဖဂန်နစ္စတန်ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ရန် ကြိုးပမ်းမှုများ

ထွန်းတောက်

*ပါကစ္စတန်နိုင်ငံက ကြားဝင်စေ့စပ်ပေးထားသည့် အာဖဂန်နစ္စတန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်အသက်ဝင်လာစေရန်အတွက် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ခေါင်းဆောင်များက သံတမန်ရေးနည်းလမ်းများဖြင့် အားထုတ်ကြိုးပမ်းလျက်ရှိနေကြသည်။ အာဖဂန်နစ္စတန်အစိုးရနှင့် တာလီဘန်သူပုန်တို့ကြားတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ တာလီဘန်ခေါင်းဆောင်မူလာအိုမာ သေဆုံးကြောင်း တာလီဘန်အဖွဲ့က တရားဝင်သတင်းထုတ်ပြန်ခဲ့ပြီးနောက် လွန်ခဲ့သည့် ဇူလိုင်လတွင် ရပ်ဆိုင်းသွားခဲ့သည်။ အချိန်ကြာလာသော်လည်း ယနေ့အချိန်အထိ အာဖဂန်နစ္စတန်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန်လည်ကျင်းပနိုင်ခြင်းမရှိသေးပေ။ တာလီဘန်အဖွဲ့၏ ခေါင်းဆောင်သစ်အဖြစ် မူလာမန်ဆိုကို ခန့်အပ်ခဲ့သော်လည်း အချို့သော တာလီဘန်အဖွဲ့များက ၎င်းခန့်အပ်မှုကို လက်မခံဘဲ သီးခြားခွဲထွက်ထူထောင်နေကြသည်ကိုလည်း တွေ့ရှိရသည်။*

သို့သော် အာဏာအပြည့်အဝရှိသည့် တာလီဘန် ဦးဆောင်မှုကောင်စီက ခေါင်းဆောင်သစ် မူလာမန်ဆိုကို အသိအမှတ်ပြုထားသည်။ မူလာမန်ဆိုသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်လည်ပြုလုပ်ရန်အတွက် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို မကြာမီက ပါကစ္စတန်နိုင်ငံသို့ လွှဲ့ဝှက်စေလွှတ်ခဲ့သည်ဟု တာလီဘန်အဖွဲ့မှ အရာရှိတစ်ဦးက အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဖွဲ့ဝင်ရှစ်ဦးပါဝင်သည့် တာလီဘန်အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးရန် ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့သို့ ဇူလိုင်လ ၃၁ ရက်နေ့၌ ရောက်ရှိလာခဲ့ကြသည်။

သို့သော် အာဖဂန်နစ္စတန် အစိုးရထောက်လှမ်းရေးအဖွဲ့က မူလာအိုမာသေဆုံးခဲ့သည့် သတင်းကို အတည်ပြုထုတ်ပြန်ခဲ့မှုနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ရပ်ဆိုင်းသွားခဲ့ရသည်ဟု နိုင်ငံရေးလေ့လာသူတို့က ဆိုသည်။

၁၄ နှစ်တာ ကာလအတွင်း အာဖဂန်အစိုးရကိုယ်စားလှယ်များနှင့် တာလီဘန်အဖွဲ့တို့ကြားတွင် မျက်နှာချင်းဆိုင်၍ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြသည်ကို တစ်ကမ္ဘာလုံးက အားပေးကြိုဆိုခဲ့ကြသည်။ ယခုလည်း အာဖဂန်နစ္စတန်အရေး၌ အဓိကကူညီ ဆောင်ရွက်နေကြသော နိုင်ငံတကာအဖွဲ့များက ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ရန် ကြိုးပမ်းလျက်ရှိနေကြသည်ဟု သိရှိရသည်။ ဆောင်းရာသီအေးခဲသည့် အချိန်တွင် တာလီဘန်တို့ စစ်ဆင်တိုက်ခိုက်မှုနည်းပါးသည့် ကာလ၌ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ဖြစ်လာနိုင်ရန် မျှော်လင့်ထားကြသည်။ နိုင်ငံရေးအရ ဖြေရှင်းရန် အခွင့်အရေးတစ်ရပ်အဖြစ် ရည်မှန်းထားကြသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အာဖဂန်နစ္စတန်ဆိုင်ရာ အထူးကိုယ်စားလှယ်သည် မကြာမီက အစ္စလာမ္မာဘတ်မြို့သို့ လာရောက်ခဲ့သည်။ အမေရိကန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အထူးကိုယ်စားလှယ်များလည်း ၎င်းနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်ဟု သိရှိရသည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် တာလီဘန်အဖွဲ့ကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ပြန်လည်ရောက်ရှိစေရန် ပါကစ္စတန်အစိုးရ၏ ကြိုးပမ်းနေမှုကို တွန်းအားပေးခဲ့ကြသည်။

ပါကစ္စတန်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်မှုကို ထောက်ခံကူညီပေးခြင်းသည် ဆယ်စုနှစ်များစွာ စစ်ပွဲများကြောင့် ဒုက္ခတွေ့ကြုံနေရသည့် အာဖဂန်ပြည်သူများအတွက် ငြိမ်းချမ်းရေး ဖော်ဆောင်ပေးလိုသော ကုလသမဂ္ဂ၏ စိတ်ပိုင်းဖြတ်ထားမှုကို အထင်းသား ဖော်ပြနေခြင်းဖြစ်သည်။

ရာသီဥတုအေးခဲပြင်းထန်မှုကြောင့် အာဖဂန်တွင် နှစ်ဖက်ထိုးစစ်များရပ်တန့်နေသောကာလကို အခွင့်ကောင်းယူပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် ကုလသမဂ္ဂအဖွဲ့၏ ကြိုးပမ်းမှုသည် အကောင်းဆုံးလုပ်ရပ်ဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူများက ချီးကျူးပြောဆိုကြသည်။

ပါကစ္စတန်အစိုးရနှင့် စစ်ဘက်ခေါင်းဆောင်များကလည်း အာဖဂန်အစိုးရနှင့် တာလီဘန်အဖွဲ့တို့ သဘောတူခဲ့လျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်မြောက်အောင် အစွမ်းကုန် ကူညီဆောင်ရွက်မည်ဟု အလည်အပတ်ရောက်ရှိနေသည့် သံတမန်များကို ကတိပြုပြောဆိုခဲ့သည်။

နိုဝင်ဘာလ ၁၃ ရက်နေ့၌ ပါကစ္စတန်နိုင်ငံခြားရေးဌာနမှ အကြံပေးပုဂ္ဂိုလ်ဆာတာဂျေအဇစ်သည် ကုလသမဂ္ဂအထူးကိုယ်စားလှယ် နီကိုလပ်ဟယ်ဆမ်ကို တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖော်ဆောင်နိုင်ရန် အာဖဂန်အစိုးရ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အသင့်ရှိနေကြောင်း ကတိပြုပြောဆိုခဲ့သည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဟယ်ဆမ်က အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် ဒေသတွင်း နိုင်ငံများ၏ ဝိုင်းဝန်းကူညီမှုနှင့် ခိုင်မာသော ထောက်ခံမှုပေးရန် အလွန်အရေးကြီးပါကြောင်း၊ အာဖဂန်နိုင်ငံ၌ ငြိမ်းချမ်းတည်ငြိမ်မှု ရှိမှသာလျှင် ပထဝီနိုင်ငံရေးအရ ဒေသတွင်းနိုင်ငံများလည်း ငြိမ်းချမ်းတည်ငြိမ်မှုရှိမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းတည်ငြိမ်မှု ရှိမှသာလျှင် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းလုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် အလေးထားပြောဆိုခဲ့သည်။

ဆယ်စုနှစ်များစွာပင် အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်ပွဲများဖြစ်ပွားနေမှုကြောင့် အာဖဂန်နှင့် ပါကစ္စတန်နယ်စပ်ဒေသတွင် အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်သမားများကို မွေးထုတ်ပြုစုပျိုးထောင်ပေးကာ ကမ္ဘာအနှံ့သို့ စေလွှတ်၍ အကြမ်းဖက်မှုများကို မြှင့်တင်ဆောင်ရွက်နေခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှု မရှိသည့်အတွက် ဘိန်းစိုက်ပျိုးမှုလုပ်ငန်းမြင့်တက်နေပြီး ဘိန်းဖြူ မူးယစ်ဆေးဝါးများကို အနောက်နိုင်ငံများသို့ အကြီးအကျယ်တင်ပို့ ဖြန့်ဖြူးသော နိုင်ငံတစ်နိုင်ငံဖြစ်လာသည်ဟု နိုင်ငံရေးလေ့လာသူများက ဝေဖန်ထောက်ပြသည်။

အာဖဂန်နစ္စတန်ဆိုင်ရာ တရုတ်သံအမတ်ကြီး တိန့်ရှိဂျန်က အစ္စလာမ္မာဘတ်မြို့တွင် ပါကစ္စတန်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် အာဖဂန်နှင့်ပါကစ္စတန်နိုင်ငံအပြင် ဒေသတွင်း တည်ငြိမ်မှုကို များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်သည့်အတွက် ဆွေးနွေးပွဲပေါ်ထွန်းရေးကို ကူညီဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောဆိုခဲ့သည်။

ပါကစ္စတန်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရာဟီးရှရစ်ဖ်သည် မကြာမီက အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး အမေရိကန်အရပ်ဘက်နှင့်စစ်ဘက်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးပွဲကိစ္စကိုလည်း အလေးထား ပြောဆိုခဲ့သည်ဟု သိရှိရသည်။ အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပေါ်ပေါက်လာစေရန် ပါကစ္စတန်အနေဖြင့်ရိုးသားစွာ ဆက်လက်ကူညီနိုင်မည်ဟု ကတိပြုပြောဆိုခဲ့သည်။

အမေရိကန်နှင့် ဥရောပခေါင်းဆောင်များသည် တာလီဘန်တို့နှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန်စနိုင်ရန် မဟာဗျူဟာချမှတ်ဆောင်ရွက်ရန် အာဖဂန်အစိုးရအား အမြဲပင် တိုက်တွန်းပြောဆိုနေခဲ့သည်။

အာဖဂန်နစ္စတန်သမ္မတ အက်ရှရက်ဂါနီသည် အဆင့်မြင့်ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌအဖြစ် အဆင့်မြင့် ခေါင်းဆောင် ယူနုပ်စ်ကန်ဦးနီကို မကြာမီကခန့်အပ်ခဲ့သည်။ ဤကောင်စီသည်တာလီဘန်သူပုန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်လည်စတင်နိုင်ရန် တာဝန်ယူလုပ်ဆောင်လျက်ရှိသည်။

အာဖဂန်နစ္စတန်၌ တာလီဘန်အဖွဲ့တွင် အုပ်စုကွဲများ ဖြစ်ပေါ်နေသည်ဟု သတင်းများ ပေါ်ထွက်နေသည်။ မူလာမန်ဆိုကိုဆန့်ကျင်သော အုပ်စုက သီးခြားခေါင်းဆောင်တစ်ဦးဖြစ်သော မိုဟာမက်ရက်ဆိုကို ခေါင်းဆောင်တင်ခဲ့သည်ဟုကြားသိရသည်။ ထိုအုပ်စုသည် အာဖဂန်မြောက်ပိုင်းတွင် အခြေစိုက်ထားသည်။

ထို့ကြောင့် အာဖဂန်အစိုးရအနေဖြင့် စင်ပြိုင်ပေါ်ပေါက်လာသော တာလီဘန်အဖွဲ့များနှင့်ပါ ငြိမ်းချမ်းရေးဆွေးနွေးရမလိုဖြစ်နေသည်။ သို့သော်အာဖဂန်အစိုးသည် မူလာမန်ဆို ခေါင်းဆောင်သော တာလီဘန်အဖွဲ့နှင့်သာ ငြိမ်းချမ်းရေးဆွေးနွေးမည်ဟု သိရှိရသည်။ တာလီဘန်အကွဲအပြဲ ပြဿနာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ထိခိုက်လာနိုင်သည်။

လွန်ခဲ့သောလက မြောက်ပိုင်းရှိအဓိကကျသော ကွန်ဒုဇ်မြို့ကိုတာလီဘန်သူပုန်များကစီးနင်းတိုက်ခိုက်သိမ်းပိုက်ကာ အကျဉ်းသားရာပေါင်းများစွာကို လွှတ်ပေးခဲ့သည်။ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များသည် အမေရိကန်အထူးတပ်ဖွဲ့များနှင့် လေကြောင်းထောက်ကူမှုကို ရယူကာ ကွန်ဒုဇ်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ကွန်ဒုဇ်မြို့ကို တာလီဘန်အုပ်စုကွဲများက စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

သမ္မတအက်ရှရက်ဂါနီ၏ တောင်းဆိုချက်အရ အမေရိကန်လေ့ကျင့်ရေးနှင့် အထူးတပ်ဖွဲ့ဝင်တစ်သောင်းခန့်ကို ၂၀၁၆ခုနှစ်အလွန်နှစ်များတိုင် အာဖဂန်တွင် ဆက်လက်ထားရှိရန် မကြာမီက သမ္မတအိုဘားမားက အမိန့်ထုတ်ပြန်ပေးခဲ့ရသည်။

အမေရိကန်တပ်ဖွဲ့များ ဆက်လက်ရှိနေမှုသည် အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးပွဲပေါ်ထွန်းရန် သွယ်ဝိုက်၍ထောက်ကူနေသည်ဟု ဝေဖန်သူများလည်း ရှိနေသည်။



# အာဖဂန်တွင် တာလီဘန်တို့က အမေရိကန်တို့အား အသေခံဗုံးခွဲ

**ကဘူးလ် ဒီဇင်ဘာ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံ၌ တနင်္လာနေ့က ဘာဂရမ် လေဆိပ်အနီး ကင်းလှည့်လာသော အမေရိကန်တပ်ဖွဲ့ဝင်များအား မော်တော်ဆိုင်ကယ်ဖြင့် အသေခံ ဗုံးခွဲတိုက်ခိုက်မှု တစ်ရပ်ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးခဲ့၍ ယခုနှစ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် သေပျောက်မှုအများဆုံးဖြစ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

“ဒီတိုက်ခိုက်မှုမှာ အမေရိကန်တပ်တွေက အာဖဂန်ဒေသခံတပ်တွေကို ကာလအတန်ကြာ လုံခြုံရေး တာဝန်လွှဲပြောင်းပေးခဲ့ပေမယ့် အမေရိကန်တွေကို ရန်လိုတိုက်ခိုက်မှုတွေရှိနေတယ်ဆိုတာ ဖော်ပြနေပါတယ်”ဟု သောကြာနေ့က ဘာဂရမ်သို့ ရောက်ရှိနေသော အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ပြောဆိုလိုက်သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် လုံခြုံရေးအထူးသတိပြုရန် လွန်ခဲ့သော သီတင်းပတ်တွင် ပင်တဂွန်က ကြေညာချက်ထုတ်ပြန်လိုက်ပြီးနောက် အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကို တာလီဘန်တို့က ယင်းတို့၏ လက်ချက်ဟု ထုတ်ဖော်ပြောဆိုလိုက်သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တို့၏ ကျူးကျော်ဝင်ရောက်မှု ၁၄ နှစ်ကြာသည့်တိုင်အောင် အမေရိကန်တို့အား ရန်ငြိုးထားတိုက်ခိုက်မှုများ ပြုလုပ်နေခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်တို့က ပြောသည်။ ဘာဂရမ်၏ အခြေစိုက်စခန်းမှာ ပြီးခဲ့သည့်နှစ်က နိုင်ငံတကာတပ်ဖွဲ့များ တိုက်ခိုက်ရေး မစ်ရှင်အဆုံးသတ်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် ၉၈၀၀ အခြေစိုက်နေထိုင်သည့် အဓိက စခန်းများအနက်မှ တစ်ခုဖြစ်သည်။ **(ရိုက်တာ)**




မောင်နွေသစ်

အာဖဂန်နစ္စတန်နိုင်ငံ၌ နိုင်ငံတကာတပ်ဖွဲ့ဝင်များ သေပျောက်မှုဇယားကို တွေ့ရစဉ်။

# သတင်းကောင်း

ဒေါက်တာစန်းဝင်း(သစ်တောတက္ကသိုလ်)

ကျွန်တော်တို့ လူသားတွေအတွက် စားဝတ်နေရေး အထောက်အပံ့ပြုတဲ့အပင်တွေဟာလည်း ရာသီဥတုအပေါ် မှီခိုနေရတော့ ရာသီဥတုပြောင်းလဲနေတဲ့ ခေတ်မှာ သူတို့ရဲ့ တုံ့ပြန်မှုတွေကို သိရှိထားဖို့ လိုကိုလိုပါတယ်။ သို့မှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရနိုင်မှာပါ။ သတင်းကောင်းဆိုတာက တော့. . . ရာသီဥတုပြောင်းလဲနေတဲ့ခေတ်မှာ သစ်တော သစ်ပင်၊ စိုက်ပျိုးရေးသီးနှံပင်တွေ အပါအဝင် ရာသီပြောင်းလဲခြင်းနဲ့အတူ လိုက်လံပြောင်းလဲရှင်သန်နေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး သတင်းကောင်းလေး ပါးချင်လို့ပါ။

စာရေးသူဟာ ၂၀၀၀ ပြည့်နှစ်က ပြည်သူများပါဝင်သော စဉ်ဆက်မပြတ် ဝါးစိုက်ပျိုးအုပ်ချုပ်ခြင်း၊ စီမံကိန်းလေးတစ်ခုရေးသားပြီး အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း (International Tropical Timber Organization-ITTO) ကို တင်ပြခဲ့ရာ သဘောတူလက်ခံလို့ ၂၀၀၃ ခုနှစ်ကစပြီး လက်တွေ့အကောင်အထည်ဖော်ခွင့် ရခဲ့ပါတယ်။

အတိုချုပ်ပြောရရင် ၂၀၀၄ ခုနှစ်တုံးက အဲ့ဒီ စီမံကိန်းအောက်မှာ မြန်မာနိုင်ငံအရပ်ရပ်မှာရှိတဲ့ ဝါးတွေဖြစ်တဲ့ သထုံခရိုင် ဘီးလင်းမြို့နယ် အလူးလေးကျေးရွာက ဝါးဘိုးမျက်ဆန်ကျယ် (Dendrocalamus halmitonii)၊ မြိတ်-ထားဝယ်က ကလွေဝါး (Dendrocalamus asper)၊ ရှမ်းပြည်တောင်ကြီးနယ်က ဝါးနီပါး (Dendrocalamus latiflorus)၊ ရခိုင်ပြည်နယ်က ခရင်ဝါး(ကရင်ဝါးဟုလည်းခေါ်) (Melocanna bambusoides)အပါအဝင် ဒေသမျိုးပင်များဖြစ်တဲ့ ကြသောင်း၊ တင်း၊ ထီးရိုး၊ ဝါးဘိုး၊ မျှင်၊ ဝါးယားစတာတွေပါ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကော့မှူးကြိုးဝိုင်းနဲ့ ပျဉ်းမနားမြို့နယ် ငလိုက်ကြိုးဝိုင်း အကွက် ၇၂၊ ၇၃ နဲ့ ၇၄ ထဲမှာ စိုက်ပျိုးခဲ့ပါတယ်။

ပထမသတင်းကောင်းက ဝါးပင်ဟာ လေဒဏ်ခံရသော်လည်း ပြန်လည်ရှင်သန်နိုင်တယ်ဆိုတဲ့ သတင်းပါ။ လက်တွေ့ ဥပမာကတော့ ၂၀၀၄ မှာစိုက်ပြီး ၂၀၀၈ ခုနှစ်မှာ နာဂစ်လေမုန်တိုင်းဒဏ်ခံခဲ့ရတဲ့ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းက ဝါးမျိုးစုံတို့ဟာ မုန်တိုင်း တိုက်ပြီး သွားကြည့်တုန်းက စိတ်ပျက်စရာကောင်းလောက်အောင် အမြစ်ဆုံပါလဲသွားခဲ့ပေမယ့် နောက်နှစ်ကျတော့ လဲနေတဲ့အမြစ်ဆုံဘေး ကပ်လျက်နေရာကနေ မျှစ်စို့တွေထွက်လာလို့ ယခုအခါမှာတော့ မူရင်းစိုက်ခင်းအတိုင်း အကွက်ကျပြန်ရှင်သန်နေတာတွေ့ရပါတယ်။ အတိုချုပ်ပြောရရင် ဝါးပင်ဟာ လေတိုက်လည်း မသေနိုင်ပါဘူး။

ဒုတိယသတင်းကောင်းက မီးလောင်ခဲ့ရင်လည်း ဝါးမြစ်ဆုံ (Rhizome)က မြေအောက်မှာ ရှိနေတာမို့ အပေါ်ယံပင်စည်ပိုင်း လောင်ကျွမ်းသွားပေမယ့် နောက်နှစ်မှာ ကျန်ခဲ့တဲ့(Rhizome)ကနေ မျှစ်အစို့အသစ်ထပ်မံထွက်လာပါတယ်။ ပြောရရင် မီးဒဏ်လည်း မမှုပါဘူး။ ဒီကိစ္စက အရေးကြီးကိစ္စပါ။ ဘာကြောင့်လဲဆိုရင် အချို့အပင်မျိုးက မီးမလောင်သည့်တိုင်အောင် မီးလျှပ်(မီးဟပ်)သွားရင်တောင် အကျိုးယုတ်စေပါတယ်။ ဥပမာ ရော်ဘာပင်ဆိုရင် မီးလောင်/မီးလျှပ်သွားရင် အပင်မသေပေမယ့် အစေးမထွက်တော့ပါဘူး။ ကျန်တဲ့ အပင်တွေလည်း အလားတူ မီးကြောက်တာရှိပါတယ်။





ငလိုက်ကြိုးဝိုင်း အကွက်(၇၁) မိုးဇွေသစ်တောသုတေသနစခန်းရှိ ကရင်ဝါး (ဝဲပုံ) နှင့် ကလွေဝါး (ယာပုံ)။

တတိယသတင်းကောင်းကတော့ ဝါးပင်ဟာ ယခု ဆောင်းပါးအစောပိုင်းမှာ ပြောခဲ့တဲ့အတိုင်း ရာသီဥတုပြောင်းလဲတဲ့ဒဏ်ကိုခံနိုင်ပြီး ကွဲပြားခြားနားတဲ့နေရာမှာ ဆက်လက်ရှင်သန်နိုင်တယ်ဆိုတဲ့ အချက်ပါပဲ။

မိုးလေဝသနဲ့ ဇလဗေဒဦးစီးဌာနရဲ့ မှတ်တမ်းအရ ၁၉၉၅ ခုနှစ်မှာ ၂၀၁၀ ခုနှစ်အကြား နှစ်ပေါင်း ၁၅ နှစ်အတွင်း မြန်မာနိုင်ငံရဲ့ မိုးရွာတဲ့ရက်ဟာ ရက် ၃၀ ဝန်းကျင် လျော့နည်းလာကြောင်း သိရှိရပါတယ်။ မုတ်သုံဝင်တာနောက်ကျပြီး ထွက်တာစောလာလို့ ရာသီဥတုပြောင်းလဲလာတဲ့သဘော၊ မိုးရွာရင် သွန်ချသလိုရွာပြီး ရပ်သွားတဲ့ သဘောမျိုးတွေပါ။

အထက်မှာပြောခဲ့သလိုပဲ အဲဒီလိုအခါမျိုးမှာ ကျွန်တော်တို့ လူသားတွေအတွက် စားဝတ်နေရေး အထောက်အပံ့ပြုတဲ့အပင်တွေဟာလည်း ရာသီဥတုအပေါ် မှီခိုနေရတော့ သူတို့ရဲ့တုံ့ပြန်မှုတွေကို သိရှိထားဖို့ လိုကိုလိုပါတယ်။ စာရေးသူပြောလိုတာက လွန်ခဲ့တဲ့ ၁၁ နှစ်က စိုက်ပျိုးခဲ့တဲ့ ဝါးတွေဟာ ပြောင်းလဲနေတဲ့၊ နေရာမတူတဲ့၊ ရာသီဥတုမတူတဲ့နေရာမှာ ကောင်းမွန်စွာရှင်သန်ပေါက်ရောက်နေတယ်ဆိုတာကိုပါ။ သုတေသနအမြင်မှာ (Provenance Trial) လို့ ခေါ်ပါတယ်။

လူသားတို့ အသက်ရှင်နေထိုင်ဖို့အတွက် ဇီဝမျိုးစုံမျိုးကွဲ (အပင်/သတ္တဝါ)တို့ ကောင်းမွန်စွာရှိနေ၊ ရှင်သန်နေမှုလည်းဖြစ်မှာပါ။ လူတွေချည်းသက်သက်ရှိနေလို့မရပါဘူး။ သို့သော်လည်း အခြေအနေက ရာသီဥတုပုံမှန်ရှိနေတဲ့ခေတ်မဟုတ်တော့ဘူး။ ပြောင်းလဲနေတဲ့ခေတ် ဆက်လက်ရှင်သန်ထွန်းကားဖို့ ခက်ခဲလာတဲ့ခေတ်၊ ရှင်သန်ထွန်းကားဖို့အတွက် အဓိကနေရာကနေပြီး ကယ်ဆယ်ပေးမယ့် အပင်မျိုးစိတ်များကတော့ သစ်ပင်၊ ဝါးပင်တို့ပဲဖြစ်ပါတယ်။ သစ်ပင်၊ ဝါးပင်တို့ဟာ လေကို သန့်စင်စေ၊ ရေကိုထိန်းသိမ်းပေးစေ၊ မြေဆီလွှာကို ဖြစ်ထွန်းစေ၊ အစာအာဟာရ ထောက်ပံ့ပေးနေတာမို့ပဲ ဖြစ်ပါတယ်။

ဖော်ပြပါ ဝါးစီမံကိန်းကနေ ရတဲ့ရလဒ်အရ မိုးရေချိန် ၁၀၀-၁၂၀ လက်မကျော်တဲ့နေရာမှာ ပေါက်တဲ့ ကလွေဝါး၊ ဝါးဘိုးမျက်ဆန်ကျယ်၊ ကရင်ဝါးတို့ဟာ မိုးရေချိန် လက်မ ၆၀ - ၇၀ ဝန်းကျင်သာရှိတဲ့ ပျဉ်းမနားလို နေရာမှာ ရှင်သန်ပေါက်ရောက်နိုင်တယ်ဆိုတာ လက်တွေ့ပါပဲ။ ဒီသတင်းကို ဝါးစိုက်ပျိုးပြီး သုံးနှစ်လောက်က ရေးလိုပေမယ့် စိတ်ချရအောင် နောက် ခုနစ်နှစ် ထပ်စောင့်ပြီး အခုမှ ရေးခဲ့ရတာပါ။ ၁၁ နှစ်ကျော် ရှင်သန်ပေါက်ရောက်နေတယ်ဆိုတော့ စိတ်ချရလောက်ပြီလို့ ယူဆရပါတယ်။

ကလွေဝါး၊ ဝါးမျက်ဆန်ကျယ်တို့ဟာ လုံးပတ် တစ်ပေခွဲ၊ အမြင့်ပေ ၈၀-၉၀ အထိ ပေါက်ရောက်နေလို့ အိမ်ရာဆောက်လုပ်ရေးအတွက် အလွန်အသုံးဝင်ပါတယ်။ ဒါ့အပြင် မျှစ်အနေနဲ့လည်း ထိပ်တန်းမျှစ်အမျိုးအစား (အရသာနူးညံ့ပြီး ခါးသက်သောအရသာ အလွန်နည်းပါးခြင်း)လည်းဖြစ်ပါတယ်။

ထိုင်းနိုင်ငံကနေပြီး ဥရောပ၊ အမေရိကသို့ မျှစ်ဘူးများ တင်ပို့ရာမှာ ကလွေဝါးမှရရှိတဲ့ မျှစ်ကိုသာ သုံးပြီး တင်ပို့ရောင်းချရာမှ နှစ်စဉ် ဒေါ်လာသန်းပေါင်းများစွာရရှိနေပါတယ်။

အကြောင်းများစွာတို့ကြောင့် မြန်မာ့ရွက်အုပ်ပိတ်သစ်တောဧရိယာဟာ ၂၂ ရာခိုင်နှုန်းအထိ လျော့ကျလာခဲ့ပြီလို့ သိရပါတယ်။ နည်းပါးတဲ့ သစ်တောဧရိယာကို လုံးဝဆက်မခုတ်တော့ဘဲ အစောကပြောခဲ့သလို မြန်မာနိုင်ငံသားတွေ ဆက်လက်ပြီး ဒုက္ခများ (ရေကြီးရေလျှံ၊ ရေရှားပါး၊ လေဒဏ်/အစာရေစာရှားပါးမှု) ကင်းဝေးနေနိုင်ရေးအတွက် ချန်ထားသင့်ပါပြီ။

ဒီထက်ပိုပြီး သစ်ပင်တွေဆက်ခုတ်နေရင် ငွေတော့ရမယ်၊ ပြန်ပေးဆပ်ရမယ့်ပမာဏက ရငွေထက် ပိုများသွားတော့မှာဖြစ်ပါတယ်။ ဝါးပင်ဟာ သစ်နေရာကို အစားထိုးဝင်ရောက်သုံးနိုင်ပါတယ်။ ဝါးကိုသုံးပြီး ထုသစ် (၄" × ၄", ၆" × ၆", ၈" × ၈" စသဖြင့်) ထုတ်လုပ်နိုင်သလို ဝါးသုံးထပ်သား၊ ငါးထပ်သားတွေလည်း ထုတ်လုပ်နိုင်ပါပြီ။ ဆိုလိုတာက အစားအစာမျှစ်အပြင်၊ အကာအတွက်ထရံအပြင်၊ နေထိုင်ဖို့ရန်အတွက် ထုထည်ကြီးမားတဲ့သစ်တွေကို ထုတ်လုပ်လို့ရနေလို့ သစ်နေရာကို အစားထိုးနိုင်ပြီလို့ ဆိုရတာပါ။

ဒါပေမယ့် သစ်ပင်နဲ့မတူတဲ့အချက်က ဝါးပင်က ၃-၄ နှစ်နဲ့ ရင့်လာလို့ ခုတ်ယူရနိုင်ပြီး သစ်ပင်ကတော့ နှစ်ပေါင်း ၃၀-၄၀ အနည်းဆုံးစောင့်ရပါတယ်။

ဒါ့ကြောင့် သစ်တောသစ်ပင်အစား ဝါးကို ထိရောက်စွာ စိုက်ပျိုးအသုံးချ ဆောင်ရွက်နိုင်မယ်ဆိုရင် ပြည်တွင်းသစ်လိုအပ်ချက်ပြည့်မီနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပါ အထောက်အကူပြုလျက် ပြောင်းလဲနေတဲ့ရာသီဥတုခေတ်မှာ ကျွန်တော်တို့ ဆက်လက်ရှင်သန်နေနိုင်အောင် ရာသီဥတုပြောင်းလဲခြင်းအောက်မှာ လိုက်လံပြောင်းလဲရှင်သန်နိုင်သော၊ တစ်နည်းအားဖြင့်(Adaptive power/capacity) ရှိ



ငလိုက်ကြိုးဝိုင်း အကွက်(၇၄)ရှိ ဝါးဘိုးမျက်ဆန်ကျယ် (ယာအစွန်ဝါးပင်၏ အဆစ်ရှိ မျက်စိအရွယ်အစားကြီးသည်ကို သတိပြုပါ)။

သော၊ လူသားတို့ အသက်ရှင်ရေးအတွက် အထောက်အပံ့ဖြစ်နေသော အပင်မျိုးစာရင်းမှာ "ဝါး"ပင်ကို ထည့်သွင်းစဉ်းစားနိုင်စေရန် ရေးသားတင်ပြလိုက်ရပါတယ်။

# နွဲ့ပျော်စုံညီ မွန်တို့ဂုဏ်ရည်ပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၂**

မွန်စာပေစကား၊ ဒေသအနုပညာ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ မပျောက်ပျက်အောင် ရည်ရွယ်ကာ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)က ကြီးမှူးကျင်းပသော နွဲ့ပျော်စုံညီ မွန်တို့ဂုဏ်ရည်ပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပခဲ့သည်။

အဆိုပါပွဲတော်တွင် မွန်စာပေပညာရှင်များ၏ မွန်စာပေနှင့် ယဉ်ကျေးမှုသမိုင်း ဓလေ့ထုံးစံအကြောင်း စကားဝိုင်းဆွေးနွေးခြင်းနှင့် မွန်လုပျိုဖြူကလေးများက မြူးကြွလှပ ယဉ်ကျေးမှုယိမ်းများ **(ဝဲပုံ)**၊ တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကာ မွန်ရိုးရာအဝတ်အထည်များ၊ အစားအစာများ ရောင်းချခဲ့ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ဂျပန်နိုင်ငံ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ပါမောက္ခများ လာရောက်ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၂၂**

သွားဘက်ဆိုင်ရာဆေးပညာ စဉ်ဆက်မပြတ်တိုးတက်ပြန့်ပွားရေး အစီအစဉ်အဖြစ် ဂျပန်နိုင်ငံ နီဂါတာသွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ပါမောက္ခ ရီစုအိုတာဂါဂိနှင့် ပါမောက္ခ ခန်းဂျီဆဲအိုတို့သည် ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်၌ မွေးရာပါ အပေါ်မေးရိုးကွဲလူနာများအတွက် အရိုးအစားထိုးခြင်း (Secondary bone graft for patlents with alveolar cleft) နှင့် စိတ်ငြိမ်သက်စွာ သွားဆေးကုသမှုပေးခြင်း (Sedation for dental treatment) ခေါင်းစဉ်တို့ဖြင့် လာရောက်ဟောပြောကြရာ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများနှင့် အလုပ်သင်ဆရာဝန်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

*** ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ**

လယ်ယာကဏ္ဍတွင် ၅ ဒသမ ၄ ရာခိုင်နှုန်း၊ သားငါးကဏ္ဍတွင် ၃ ဒသမ ၁ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍတွင် အနုတ် ၂၃ ဒသမ ဝ ရာခိုင်နှုန်း၊ စွမ်းအင်ကဏ္ဍတွင် ၁၈ ဒသမ ၈ ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ၁၀ ဒသမ ၈ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆ ဒသမ ၅ ရာခိုင်နှုန်း၊ ဆောက်လုပ်မှုကဏ္ဍတွင် ၁၄ ဒသမ ၃ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ၇ ဒသမ ၇ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ၈ ဒသမ ၄ ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍတွင် ၈ ဒသမ ၂ ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄ ဒသမ ၆ ရာခိုင်နှုန်း၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုကဏ္ဍတွင် ၆ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးတက်ရန် ရည်မှန်းထားပါကြောင်း။

လယ်ယာကဏ္ဍ၏ ပါဝင်မှုအချိုးအစားကို ၂၆ ဒသမ ၂ ရာခိုင်နှုန်းမှ ၂၅ ဒသမ ၆ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစားကို ၃၅ ဒသမ ဝ ရာခိုင်နှုန်းမှ ၃၅ ဒသမ ၉ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစားကို ၃၈ ဒသမ ၈ ရာခိုင်နှုန်းမှ ၃၈ ဒသမ ၅ ရာခိုင်နှုန်းသို့လည်းကောင်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါကြောင်း။

ထို့ပြင် ကချင်ပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၁၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်နှင့် လူတစ်ဦးချင်းထုတ်လုပ်မှု တန်ဖိုးကျပ် ၉ ဒသမ ၄ သိန်းကျော်၊ ကယားပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၉ ဒသမ ၆ သိန်းကျော်၊ ကရင်ပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုးကျပ် ၉ ဒသမ ၃ သိန်း၊ ချင်းပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၁၀ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၈ ဒသမ ၂ သိန်းကျော်ဖြစ်ကြောင်း။



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၈ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်း ထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၇ ဒသမ ၇ သိန်း၊ တနင်္သာရီတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်း ထုတ်လုပ်မှုတန်ဖိုး ကျပ် ၂၄ ဒသမ ၇ သိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၃ ဒသမ ၄ သိန်းကျော်၊ မကွေးတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုးကျပ် ၁၈ ဒသမ ၈ သိန်းကျော်၊ မန္တလေးတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၈ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၃ ဒသမ ၇ သိန်း၊ မွန်ပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုးကျပ် ၁၅ ဒသမ ၆ သိန်း၊ ရခိုင်ပြည်နယ် ၏ စီမံကိန်းရည်မှန်းချက်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုးကျပ် ၁၃ ဒသမ ၄ သိန်းကျော်ဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုးကျပ် ၂၅ ဒသမ ၂ သိန်းခန့်၊ ရှမ်းပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၇ ရာခိုင်နှုန်းတိုးတက်ရန် နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုးကျပ် ၈ ဒသမ ၁ သိန်း၊ ဧရာဝတီတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုးကျပ် ၁၆ ဒသမ ၃ သိန်းကျော်နှင့် နေပြည်တော်ကောင်စီနယ်မြေ၏ စီမံကိန်းရည်မှန်းချက်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုးကို ကျပ် ၁၄ သိန်းဖြစ်ပေါ်ရန် ရည်မှန်းထားပါကြောင်း။

လက်ရှိအခြေအနေအပေါ် မူတည်ပြီး တွက်ချက်မှုများအရ ငွေကြေးဖောင်းပွမှုနှုန်းကို ၁၁ ဒသမ ၆၈ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒနှင့် ကုန်သွယ်မှုမူဝါဒများကို ထိန်းကျောင်းပြီး ငွေကြေးဖောင်းပွမှုနှုန်းကို ၅ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိရန် စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ထည့်သွင်းရှင်းလင်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က **၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများ**နှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြသိမ်း၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကို၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# ဥပဒေကြမ်းသုံးခုနှင့် စပ်လျဉ်းသည့် အစီရင်ခံစာသုံးခုကိုဖတ်ကြားရှင်းလင်း

နေပြည်တော် ဒီဇင်ဘာ ၂၂

**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပပြီး ဥပဒေကြမ်းသုံးခုနှင့်စပ်လျဉ်းသည့် အစီရင်ခံစာသုံးခုကို ဖတ်ကြားရှင်းလင်းကြသည်။**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ**(ယာယီ)**က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့သော **၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အခကြေးငွေပေးရေး ဥပဒေကြမ်း၊ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်း**တို့ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာသုံးခုကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

**၂၀၁၅ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးက အစီရင်ခံစာဖတ်ကြားတင်ပြရာတွင် ယင်းဥပဒေကြမ်း၌ အခန်းပေါင်းကိုးခန်းနှင့် အပိုဒ်ပေါင်း ၄၁ ပိုဒ်ပါရှိကြောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆိုင်များနှင့် အလုပ်ဌာနများရှိ အလုပ်သမားများ၏ အလုပ်လုပ်ချိန်သတ်မှတ်ရေး၊ လုပ်ခမှန်ကန်စွာရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ဥပဒေပါရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရေးတို့အတွက် ရည်ရွယ်၍ ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**




**အမျိုးသားလွှတ်တော်အစည်းအဝေး**

# ချင်းပြည်နယ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဌာနဆိုင်ရာနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်ပါက တိုးတက်လာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ **အမျိုးသားလွှတ်တော် မဟာဗျူဟာ လေ့လာရေးနှင့် သုတေသနကော်မတီ၏ အစီရင်ခံစာ**အပါအဝင် အစီရင်ခံစာနှစ်ခု ဖတ်ကြားတင်သွင်းခြင်းနှင့် ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းနှစ်ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။



ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြေကြားစဉ်။

အစည်းအဝေး၌ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **ချင်းပြည်နယ်၏ သုံးနှစ်အတွင်း တက္ကသိုလ်ဝင်တန်းအောင်ချက် ရာခိုင်နှုန်းအနည်းဆုံး အဆင့်အတန်းသို့ ကျဆင်းသည့်ကိစ္စကို တာဝန်ရှိ ပြည်နယ်ပညာရေးဌာနမှ လေ့လာသုံးသပ်၊ အဖြေရှာအရေးယူဆောင်ရွက်ထားမှု ရှိ၊ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ချင်းပြည်နယ်တွင် အခြေခံပညာကျောင်း စုစုပေါင်း ၁၃၇၂ ကျောင်းတွင် သင်ကြားရေးဝန်ထမ်းအင်အား စုစုပေါင်း ၇၈၄၃ ဦး ခန့်ထားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၆၇၀၅ ဦး ပညာသင်ယူဆည်းပူးလျက်ရှိကြောင်း။

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးနှင့် ပတ်သက်၍ ချင်းပြည်နယ် ပညာရေးမှူးရုံးအနေဖြင့် စီမံချက်များရေးဆွဲဆောင်ရွက်ခြင်း၊ ဘာသာရပ်အလိုက် စစ်ဆေးရေးအဖွဲ့များကိုစေလွှတ်၍ သင်ကြားသင်ယူလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးခြင်း၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၏ ပို့ချချက်များကို ထပ်ဆင့် သင်ကြားပို့ချခြင်းများကို ပြုလုပ်ခဲ့ပါကြောင်း၊ ထို့ပြင် အထက်တန်းပြနှင့် အလယ်တန်းပြဆရာ ဆရာမများ၏ ဘာသာရပ်အလိုက် ကျွမ်းကျင်စွာသင်ကြားနိုင်ရေးအတွက် မြို့နယ်အလိုက် မွမ်းမံသင်တန်းများကို ပို့ချခဲ့ပါကြောင်း၊ အောင်ချက် မြင့်မားရေးအတွက် ချင်းပြည်နယ်သာမက တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ပညာရေးမှူးများက စီမံချက်များနှင့် နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် မေးမြန်းစဉ်။

ချင်းပြည်နယ်၏ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးနှင့် ပတ်သက်၍ ဆရာ၊ ကျောင်းသား၊မိဘ နည်းတူ ဌာနဆိုင်ရာဝန်ထမ်းများ၊ လွှတ်တော် ကိုယ်စားလှယ်များက ပူးပေါင်းပါဝင် ဆောင်ရွက်သွားပါက အမှန်တကယ် တိုးတက်လာမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ **ပထမအကြိမ် အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေး ကာလများအတွင်းလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာ**ကို ကော်မတီဝင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးထွန်းမြင့်က ဖတ်ကြားတင်သွင်းရာ လွှတ်တော်ကဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မဟာဗျူဟာ လေ့လာရေးနှင့် သုတေသနကော်မတီ၏ **ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများ အတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို ကော်မတီအတွင်းရေးမှူး တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဇဝနက ဖတ်ကြားတင်သွင်းရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

မဟာဗျူဟာ လေ့လာရေးနှင့် သုတေသနကော်မတီ၏ အစီရင်ခံစာတွင် ကော်မတီဖွဲ့စည်းချိန်မှစ၍ လွှတ်တော် ကိုယ်စားလှယ်များ၏ အရည်အသွေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအတွက် အပြန်အလှန်ဆွေးနွေးခြင်း (Debate) စုစုပေါင်း ၃၄ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ဆွေးနွေးမှုများ၌ နိုင်ငံရေးဆိုင်ရာ ၆၀ ရာခိုင်နှုန်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ၂၀ ရာခိုင်နှုန်း၊ နိုင်ငံတကာရေးနှင့် သုံးသပ်ချက်အပိုင်းတွင် ၂၀ ရာခိုင်နှုန်းနှင့် ပညာရေးပိုင်းတွင် ၁၀ ရာခိုင်နှုန်း ဆွေးနွေးနိုင်ခဲ့ကြောင်း ပါရှိသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌ ဦးစိုင်းလင်းက မိမိတို့ အဖွဲ့အစည်းအနေဖြင့် **နိုင်ငံတော် သမ္မတကြီး၏ ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်မှုဖြစ်စဉ်များနှင့် တိုးတက်မှုများအပေါ် ထောက်ခံကြိုဆိုပါကြောင်း၊** မိမိတို့အဖွဲ့သည် နိုင်ငံတော်မှ ခွဲထွက်ခြင်းပြုလုပ်မည်မဟုတ်ဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ထိန်းသွားမည်ဖြစ်ပါကြောင်း၊ နှစ်ဖက်ချုပ်ဆိုခဲ့သည့် ငြိမ်းချမ်းရေး သဘောတူစာချုပ်ကို လေးစားလိုက်နာသွားမည်ဖြစ်ပြီး ပဋိပက္ခများကို တွေ့ဆုံဆွေးနွေးခြင်းမှတစ်ဆင့် အဖြေရှာသည့်နည်းလမ်းကို ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းရှိ တိုင်းရင်းသားညီအစ်ကိုများနှင့်အတူ နိုင်ငံရေးဆွေးနွေးပွဲကို ပါဝင်တက်ရောက်ရန် ဆန္ဒရှိပါကြောင်း၊ မိမိတို့နှင့်ရရှိခဲ့သည့် ငြိမ်းချမ်းရေး ၂၆ နှစ်တာကာလအတွင်း နိုင်ငံတော်အစိုးရအဆက်ဆက်ဆောင်ရွက်ခဲ့သည့် တိုင်းရင်းသား ပြန်လည်ရင်ကြားစေ့ရေးမူဝါဒသည် မိမိတို့ဒေသအတွက် ကောင်းမွန်သော အခြေခံကောင်းများကို ဖော်ဆောင်ပေးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် မိုင်းလားအထူးဒေသ(၄) အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး၊ လမ်းတံတား၊ လျှပ်စစ်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က နိုင်ငံတော်အနေဖြင့် ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်တို့ကို အခြေခံသော နိုင်ငံတော်ကိုထူထောင်မည်ဟု ပြောကြားပြီးဖြစ်ပါကြောင်း၊ ထို့အတူ တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့်လည်း ခွဲထွက်ခြင်းမှအားစွန့်လွှတ်ပြီး နိုင်ငံတော်အတွင်း အတူတကွ လက်တွဲနေထိုင်ကြမည်ဟု လည်းကောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကလည်း ပြည်တွင်းပဋိပက္ခများကို လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းမည့်အစား တွေ့ဆုံညှိနှိုင်းခြင်းနည်းလမ်းဖြင့် အဖြေရှာကြမည်ဟုလည်းကောင်း အတွေးအခေါ်ပြောင်းလဲခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံရေးပဋိပက္ခများကို နိုင်ငံရေးစားပွဲဝိုင်းတွင်သာ အဖြေရှာကြရမည်ဖြစ်ပါကြောင်း၊ လာမည့်ဇန်နဝါရီ ၁၂ ရက်တွင် ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲ ဆောင်ရွက်ရန်ရှိပါကြောင်း၊ မိုင်းလားအထူးဒေသ(၄) အဖွဲ့ကိုလည်း အထူးဧည့်သည်တော်အဖြစ် တက်ရောက်နိုင်ရန် ဖိတ်ကြားပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် မည်သည့်အဖွဲ့ကိုမျှ ချန်ထားခဲ့ရန်မရှိပါကြောင်း၊ အချို့အဖွဲ့အစည်းများနှင့် သီးခြားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ကျန်ရှိနေသေးပါကြောင်း၊ ညှိနှိုင်းလုပ်ဆောင်ပြီးပါက အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ စိုးရိမ်မှုများပပျောက်၍ မျှော်လင့်ချက်ကောင်းများ ထွက်ပေါ်လာရန် စိတ်သဘောထားမှန်မှန်ကန်ကန်ဖြင့် ညှိနှိုင်းဖြေရှင်းသွားကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ငြိမ်းချမ်းရေးနှင့်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် ဆက်စပ်နေပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကို ဆွေးနွေးပွဲများဖြင့် ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် ငြိမ်းချမ်းခြင်းကြောင့် မိုင်းလားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီ ဖြစ်ပါကြောင်း၊ ခိုင်မာသော စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း နိုင်ငံတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မကြာမီ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပတော့မည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ကြားပါကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌက မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌထံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ဦးမြင့်စိုး၊ ဦးခင်ဇော်ဦး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မိုင်းလားအထူးဒေသ(၄)မှ တာဝန်ရှိသူများနှင့်အတူ မိုင်းလားမြို့တွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**




**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သောအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေးစဉ်။** (သတင်းစဉ်)

# မြန်မာ-အိန္ဒိယ နယ်စပ်ဈေး ပူးတွဲကော်မတီအစည်းအဝေးကျင်းပရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Gautam Mukhopadhaya အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး နေပြည်တော်၌ ဒီဇင်ဘာ ၂၂ ရက် ညနေ ၃ နာရီက တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ ဒုတိယအကြိမ် မြန်မာ-အိန္ဒိယ နယ်စပ်ဈေးပူးတွဲကော်မတီအစည်းအဝေးကျင်းပရေးနှင့် ၂၀၁၆ ခုနှစ်တွင် နယ်စပ်အရာရှိများ အစည်းအဝေးများ ကျင်းပနိုင်ရေးတို့အတွက် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ပြီး သံအမတ်ကြီးကလည်း ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း အိန္ဒိယနိုင်ငံ ချင်နိုင်းမြို့၌ ကျင်းပမည့် ဒုတိယအကြိမ် မြန်မာ-အိန္ဒိယကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုပူးတွဲဖိုရမ် (Joint Trade and Investment Forum-JTIF)၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုပြပွဲ (Myanmar Investment Road Show-MIRS) နှင့် 3rd India-CLMV Business Conclave များသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်မည့်အခြေအနေနှင့်စပ်လျဉ်းပြီး ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

အပြင်ဘက်မှ အာဆင်နယ်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် အိုဇေးကထပ်မံဖန်တီးပေးပြီး တိုက်စစ်မှူးဂျီရော့ဒ်က အာဆင်နယ်အတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မန်စီးတီး ချေပဂိုးရရှိရန် ပြန်လည်တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၈၂ မိနစ်မှသာ ချေပဂိုးကို ယာယာတိုးရေးက သွင်းယူပေးခဲ့သည်။

ပွဲစဉ်(၁၇)အပြီးတွင် လက်စတာက ၃၈ မှတ်ဖြင့် အဆင့်(၁)၊ အာဆင်နယ်က ၃၆ မှတ်ဖြင့် အဆင့် (၂)တွင် ဆက်လက်ရပ်တည်နေပြီး မန်စီးတီးမှာ ၃၂ မှတ်ဖြင့် အဆင့်(၃)တွင် ရပ်တည်နေသည်။ စပါး၊ မန်ယူနှင့် ခရစ္စတယ်ပဲလေ့စ်တို့မှာ ၂၉ မှတ်စီဖြင့် ဂိုးကွာခြားချက်အရ အစဉ်လိုက် ရပ်တည်နေသည်။ ဒီဇင်ဘာ ၂၆ ရက်တွင် အာဆင်နယ်အသင်းအဝေးကွင်း၌ ဆောက်သမ်တန်နှင့်တွေ့ဆုံမည်ဖြစ်ပြီး မန်စီးတီးမှာ အိမ်ကွင်း၌ ဆန်းဒါးလန်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သီဟ**

# မြန်မာနိုင်ငံသား ရေလုပ်သားခုနစ်ဦး အင်ဒိုနီးရှားနိုင်ငံ ပွန်တီးနားမြို့နှင့် တန်ဂျွန်ပီနန်းမြို့မှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံ ပွန်တီးနားမြို့နှင့် တန်ဂျွန်ပီနန်းမြို့တို့တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံ ရေလုပ်သားခုနစ်ဦးတို့သည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က MH-740 ကွာလာလမ်ပူ-ရန်ကုန်လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။ **(အောက်ပုံ)**



အဆိုပါ ရေလုပ်သားများသည် အင်ဒိုနီးရှားနိုင်ငံ ပွန်တီးနားမြို့နှင့် တန်ဂျွန်ပီနန်းမြို့တို့၌ ထိန်းသိမ်းထားရှိပြီး အင်ဒိုနီးရှားနိုင်ငံ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ ပူးပေါင်းကူညီမှုဖြင့် မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရယူပြီး ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

“အခုရောက်လာတဲ့သူတွေက တရားဝင်သွားရောက်ခဲ့တဲ့ သူတွေမဟုတ်ပါဘူး။ အင်ဒိုနီးရှားနိုင်ငံမှာ အခက်အခဲတွေ ကြုံတွေ့နေလို့ သက်ဆိုင်ရာကနေတစ်ဆင့် ပို့ဆောင်ပေးလို့ ပြန်ရောက်လာတာပါ။ စာရင်းအရ ပထမအသုတ် ၅၃၅ ယောက်ကို ရဲမှူးကြီး ခင်မောင်လတ်က ခေါင်းဆောင်ခဲ့ပြီး ဒုတိယအသုတ် ၃၆၄ ယောက် စာရင်းအနက်က ကျန်ခုနစ်ယောက် ယနေ့ရောက်ရှိတာဖြစ်ပါတယ်။ လူကုန်ကူးခံရခြင်းရှိ/မရှိ လုပ်ခလစာ ရ/မရ ကျွန်တော်တို့က စစ်ဆေးမှုတွေလုပ်မယ်။ သူတို့အနေနဲ့ မှန်မှန်ကန်ကန်ထုတ်ဖော်ပြောနိုင်ဖို့လိုမယ်။ လူကုန်ကူးခံရကာ ထင်ရှားပါက ဥပဒေအရအရေးယူဆောင်ရွက်မှုတွေပြုလုပ်သွားမှာပါ”ဟု အမှတ်(၆) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်) တပ်ဖွဲ့စုမှူး ရဲမှူး ရဲဝင်းအောင်က ပြောသည်။

ပြန်လည်ရောက်ရှိလာသည့် ရေလုပ်သားများထဲမှ မွန်ပြည်နယ် ရေးမြို့ နှစ်ကရင်ကျေးရွာနေ ဦးထွန်းရွှေ(ခ)သားသားက “သားသမီးပျောက်ရှာရင်း ကော့သောင်းရောက်၊ အဲဒီကနေ အင်ဒိုနီးရှားရောက်၊ နောက်တော့ ထိုင်းငါးဖမ်းစက်လှေပေါ်ရောက်တာပါပဲ။ အင်ဒိုနီးရှားနိုင်ငံအစိုးရက ငါးဖမ်းခွင့်ပိတ်လိုက်တော့ ကျွန်းပေါ်နေရင်း အင်တာနက်က မြန်မာသံရုံးဖုန်းနံပါတ်ရလို့ ခါတ်ပုံနဲ့နေရာ အတိအကျပြောဆက်သွယ်ပြီး အခုလိုပြန်ရောက်တာပါပဲ။ ၁၀ နှစ်မက ကြာသွားတယ်။ နောင်လည်း ပြန်သွားဖို့ မစဉ်းစားဘူး၊ ဘယ်သူ့ကိုမှလည်း မသွားစေချင်ဘူး” ဟု ပြောသည်။

ထိုသို့ ပြန်လည်ရောက်ရှိလာသူများကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းဦးစီးဌာနရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၌ သက်ဆိုင်ရာက ခေတ္တနေရာချထားပြီး IOM အနေဖြင့် ၎င်းတို့ကို သက်ဆိုင်ရာနေရပ်များသို့ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးနေသည့်အပြင် သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်း၊ မှတ်ပုံတင်မရှိပါက လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခြင်း၊ အလုပ်လုပ်ကိုင်လိုပါက အလုပ်အကိုင်ရရှိရေး အလုပ်သမားဦးစီးဌာနက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၇၂)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ မဟာမင်္ဂလာဖွင့်ပွဲအခမ်းအနားကို ၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၁၁ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက်ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နေပြည်တော် ပုဗ္ဗသီရိမြို့ အောင်စည်သာကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဘဒ္ဒန္တဝိစက္ခဏနှင့် သံဃာတော် ကိုးပါး၊ ဇေယျာသီရိမြို့ ကံဦး(ရေဆင်း)ကျောင်းတိုက်မှ သံဃာတော်ကိုးပါး စုစုပေါင်း ၁၉ ပါး ကြွရောက်တော်မူခဲ့ကြသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ပုဗ္ဗသီရိမြို့နယ် တပ်နယ်ဝတ်အသင်းအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေမှ ဝတ်အသင်းအဖွဲ့ဝင်များ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပူဇော်ခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၇၂)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၁၁ ရက်နေ့မှ နတ်တော်လပြည့်နေ့အထိ ငါးရက်တိုင် ကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။

**သီဟန်သိန်း**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ထောက်ပံ့ပစ္စည်းများနှင့် ရန်ပုံငွေများပေးအပ်

**မြဝတီ ဒီဇင်ဘာ ၂၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ (စတုတ္ထအကြိမ်)မှ ထောက်ပံ့သည့်ပစ္စည်းများနှင့် ရန်ပုံငွေများပေးအပ်ပွဲကို ဒီဇင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများနှင့် ရန်ပုံငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေ(စတုတ္ထအကြိမ်)မှ ခွဲဝေချထားပေးသောလုပ်ငန်းများမှာ စုစုပေါင်း ၂၃ ခုဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန် ၂၀၁၅ ခုနှစ်အတွင်းပြောကြားခဲ့သည့် မိန့်ခွန်းများ စာအုပ်ထွက်ရှိမည်

နေပြည်တော် ဒီဇင်ဘာ ၂၂

**၂၀၁၅ ခုနှစ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားခဲ့သည့် ရေဒီယိုမိန့်ခွန်းများနှင့် ပြည်တွင်းငြိမ်းချမ်းမှု တည်ဆောက်ရေး၊ ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးတို့အတွက် အဓိကကျသောမိန့်ခွန်းများကို စုစည်းဖော်ပြထားသည့်စာအုပ် ထွက်ရှိလာတော့မည်ဖြစ်သည်။ ယခုစာအုပ်တွင် လစဉ်ရေဒီယိုမိန့်ခွန်းအပြင် အခြားအရေးကြီးသော မိန့်ခွန်းများလည်း ပါဝင်သည်။**







မျက်မှောက်ခေတ် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရာတွင် အာရပ်နွေဦးနှင့် မတူကွဲပြားစွာဖြင့် မြန်မာ့နွေဦးကို တည်ငြိမ်အေးချမ်းစွာ ဦးဆောင်အကောင်အထည်ဖော်ခဲ့သော၊ ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်ကို ထည်ဝါစေခဲ့သော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လုပ်ဆောင်ချက်များနှင့် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်ချက်များကို ဖတ်ရှုခံစားနိုင်သည့်အတွက် သမိုင်းတန်ဖိုးကြီးမားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**"NCA လက်မှတ်ရေးထိုးပြီး ပေါ်ပေါက်လာမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေက ရှေ့ဆက်သွားဖို့ပဲရှိပါတယ်။နောက်ပြန်လှည့်စရာ မရှိပါဘူး။ ဒါကြောင့် NCA အပေါ်အခြေခံတဲ့ လုပ်ငန်းစဉ်များဟာ မြန်မာပြည်အနာဂတ်သစ်ရဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့ တစ်ခုတည်းသော လမ်းကြောင်းအဖြစ် ပေါ်ပေါက်လာမှာဖြစ်ပါတယ်"**ဟု ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပခဲ့သော "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement -NCA)"လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် သမ္မတကြီးက မိန့်ကြားခဲ့သည်။

သမ္မတကြီး၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်လိုသည့် ပြင်းပြသည့်ဆန္ဒနှင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ပေးလိုသော စေတနာထက်သန်မှုကို ဤစာအုပ်က မီးမောင်းထိုးပြထားသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ကျင်းပသော နိုင်ငံရေးပါတီများနှင့် တွေ့ဆုံပွဲတွင် **"ရွေးကောက်ပွဲရလဒ်များသည် ပြည်သူများရဲ့ဆန္ဒကို ထင်ဟပ်တယ်လို့ အလေးအနက်ယုံကြည်ပါတယ်။ ရွေးကောက်ပွဲပြီးတဲ့နောက်မှာတော့ အသွင်ကူးပြောင်းရေးမှာ ချောချောမွေ့မွေ့ဖြစ်ဖို့လိုတယ်"**ဟု သမ္မတကြီးကမိန့်ကြားခဲ့ရာ ပြည်သူ့ဆန္ဒကို အလေးအနက်ထားပြီး နိုင်ငံတော်အာဏာကို တည်ငြိမ်အေးချမ်းစွာ လွှဲပြောင်းပေးရန် စနစ်တကျဆောင်ရွက်နေသည့် သမ္မတကြီး၏ လေးစားအတုယူဖွယ် သိက္ခာသမာဓိကို ဤစာအုပ်တွင် ထင်ရှားစွာတွေ့မြင်နိုင်သည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပသော (၂၇)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး (မျက်နှာစုံညီ)တွင် **"အာဆီယံအသိုက်အဝန်း ထူထောင်ရေးသည် ဒေသအတွင်းပေါင်းစည်းရေးကို ပိုမိုခိုင်မြဲစေမှာဖြစ်ပါတယ်။ ဒါ့အပြင် မိမိတို့မြန်မာနိုင်ငံအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေမယ့် အာဆီယံပေါင်းစည်းရေး ကနဦးအစီအစဉ် မဟာဗျူဟာမူဘောင်နဲ့ အာဆီယံပေါင်းစည်းဆက်သွယ်ရေး မဟာစီမံကိန်းတို့အပေါ်မှာလည်း ကျေနပ်အားရလျက်ရှိပါတယ်"**ဟု သမ္မတကြီးကမိန့်ကြားခဲ့ရာ ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံအသီးသီးကပါ မြန်မာနိုင်ငံ၏ အရေးပါအရာရောက်မှုကိုသိရှိစေရန် ကြိုးပမ်းခဲ့သော သမ္မတကြီး၏ခေါင်းဆောင်မှုကို မော်ကွန်းတင်ရမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီး၏လစဉ် ပြောကြားခဲ့သည့် မိန့်ခွန်းများကို တစ်စုတစ်စည်းတည်း စုစည်းဖော်ပြထားသော စာအုပ်ဖြစ်၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး ပြုပြင်ပြောင်းလဲမှုများကို လေ့လာဖတ်ရှုမှတ်သားသူများ အတွက် ဗဟုသုတများ တိုးပွားနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းစဉ်များ၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေသည့် သမ္မတကြီး၏ လေးစားဖွယ်စိတ်ရင်းစေတနာ၊ မြန်မာတစ်မျိုးသားလုံး ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်နိုင်ရေး သမ္မတကြီး၏ ဆောင်ရွက်ချက်များ အစရှိသည်တို့ကို ဤစာအုပ်ပါ မိန့်ခွန်းများက ထိမိစွာဖော်ပြထားသည့်အတွက် နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုများကို စုစည်းဖော်ပြထားသည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

ဤစာအုပ်ကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ စာပေဗိမာန်အရောင်းဆိုင်များ၌ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှစ၍ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။

**(မြန်မာ့အလင်း)**

# ခရစ်တော်၏ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ခရစ်တော်မွေးနေ့ ညစာစားပွဲကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်းက ကြီးမှူးကျင်းပသော ခရစ်တော်၏ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ခရစ်တော်မွေးနေ့ ညစာစားပွဲကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ရှိ M3 Food Centre ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာသာညဏ်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ပဏာမကျမ်းဖတ်ကြားသည်။

ရှေးဦးစွာ ဝိုင်အမ်စီအေဘုတ်အဖွဲ့ဝင် ဆရာစောဒေးဗစ်က ကောင်းချီးတောင်းခံခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်း၊ တစ်ပင်တိုင်ချီးမွမ်းခြင်းနှင့် သိက္ခာတော်ရ ဆရာဦးမြင့်လွင်က နိုင်ငံတော်အတွက် အထူးဆုတောင်းခြင်း၊ သိက္ခာတော်ရ ဆရာဦးအေးမင်းက သမ္မာကျမ်းစာဖတ်ကြားခြင်း၊ "မွေးနေ့တော် သတင်းစကား"ကို သိက္ခာတော်ရ ဆရာဦးလူအေးက ဝေမျှခြင်း၊ သိက္ခာတော်ရဆရာ ဒေါက်တာ စောမာဂရေကြီးက ကောင်းချီးပေးခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်းဥက္ကဋ္ဌ ဒေါက်တာတင်လှက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ မိမိတို့ဆည်းကပ်ကိုးကွယ်သည့်ဘာသာအရ ကြီးမြတ်သူများအား ချီးမြှောက်ပူဇော်ခြင်း၊ ကျေးဇူးတရားတော်ကို အောက်မေ့သတိရခြင်းတို့သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြောင်း၊ မကောင်းသည့်စိတ်ထားများပယ်ရှားပြီး ကောင်းမှုအကျိုးတရားများ ဖြစ်ထွန်းနေသည်ကပင် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံခြင်းဖြစ်သည်ဟုဗုဒ္ဓဘာသာကျမ်းဂန်များတွင် ပြဆိုထားကြောင်း၊ ခရစ်တော်သည် လောကလူသားများအပေါ် အထူးသဖြင့် ဘာသာဝင်များအပေါ် တစ်မျိုးတစ်စားတည်းသောမေတ္တာဖြင့် ဖြန့်ကြက်ပြီးသကဲ့သို့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း နိုင်ငံသား၊ မည်သည့်တိုင်းရင်းသားမဆို၊ မည်သည့်ဘာသာ ယုံကြည်သူဖြစ်စေ ဤမြေပေါ်မှာ မွေးဖွားကြီးပြင်းကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးတို့အပေါ်၌ မခွဲမခြား တန်းတူထားလျက် မိမိတို့၏ ဉာဏ်စွမ်းရှိသလောက် အစီးအပွားများ ထုတ်ယူသုံးဆောင်ခွင့်ကို နိုင်ငံသားတိုင်း ရရှိကြမည်ဖြစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံး မိမိတို့နှစ်သက်ရာ ဘာသာအသီးသီးအား ဆည်းကပ် ကိုးကွယ်ယုံကြည်ခွင့်ကိုလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများဖြစ်ကြသည့် ခရစ်ယာန်ဘာသာဝင်တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် အမိနိုင်ငံတော်ကြီး၏ သားသမီး စာရင်းဝင်များဖြစ်ကြသည့်အားလျော်စွာ ခရစ်တော်၏ဟောကြားချက်အဆုံးအမ နှုတ်မြွက်စကားတော်များနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ကြလျက် မိမိတို့မှီတင်းနေထိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အကျိုးကို အဘက်ဘက်က ဝိုင်းဝန်းကူညီပေးစွမ်းနိုင်ကြသော ဘုရားသခင်၏ သားကောင်းသမီးမွန်များ ဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်က မွေးနေ့တော်အတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးစကား ပြောကြားသည်။

ထို့နောက် သိက္ခာတော်ရ ဆရာဦးတိုးတိုးက ညစာအတွက် ကျေးဇူးတော်ချီးမွမ်းပြီး ကြွရောက်လာကြသည့် ဧည့်ပရိသတ်များအား ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံကာ (၆၁)ကြိမ်မြောက် အသင်းသားစုဆောင်းခြင်းတွင် ဆုရရှိခဲ့ကြသူများအား သိက္ခာတော်ရ ဆရာဦးဒေးဗစ်စိုးတင့်၊ ဦးတင်အောင်ဆွေ၊ ဒုတိယဗိုလ်မှူးကြီး စောခင်ထွန်း(ငြိမ်း)နှင့် ကမ္ဘောဇ ဦးသက်ဝင်းတို့က ဆုများချီးမြှင့်ခဲ့ကြသည်။ ထို့နောက် သိက္ခာတော်ရ ဆရာ ဦးအောင်မြင့်စိန်က ဆုတောင်း၍အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၆ ။ )
၁၃၇၇ ခုနှစ် ၊ နတ်တော်လဆန်း ၁၁ ရက်
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၅)၊ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၃၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ဆ) နှင့် ပုဒ်မ ၃၃ တို့ကို ပယ်ဖျက်ရမည်။

၃။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် ပါရှိသော "the Excise Commissioner" ဆိုသည့် စကားရပ်ကို "the Director General of the General Administration Department" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က) နှင့် (ဂ) တို့တွင်ပါရှိသော "the Excise Department" ဆိုသည့်စကားရပ်ကို "the General Administration Department" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ တွင် ပါရှိသော "shall be punishable with imprisonment which may extend to six months, or with fine which may extend to one thousand kyats or with both." ဆိုသည့် စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of six months to a maximum of two years, or shall be liable to fine with a minimum of one million kyats to a maximum of two million kyats or with both." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၁ တွင် ပါရှိသော"shall be punishable with imprisonment which may extend to one year and shall also be liable to fine." ဆိုသည့် စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of one year to a maximum of three years and shall also be liable to fine with a minimum of two million kyats to a maximum of three million kyats." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၄ တွင် ပါရှိသော "shall be punishable with imprisonment which may extend to six months, or with fine which may extend to one thousand kyats or with both." ဆိုသည့်စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of six months to a maximum of one year, or shall be liable to fine with a minimum of two-hundred thousand kyats to a maximum of four-hundred thousand kyats or with both." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၇ တွင် ပါရှိသော "shall be punishable with imprisonment for a term which may extend to six months, or with fine which may extend to one thousand kyats, or with both." ဆိုသည့်စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of three months to a maximum of six months, or shall be liable to fine with a minimum of one-hundred thousand kyats to a maximum of two-hundred thousand kyats, or with both." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "or of selling or administering any intoxicating drug or knowingly permits any place owned or occupied by him or under his control to be kept or used for such purposes," ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၀။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "shall be punishable with imprisonment for a term which may extend to one year, or with fine which may extend to two thousand kyats or with both." ဆိုသည့်စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of six months to a maximum of one year, or shall be liable to fine with a minimum of two-hundred thousand kyats to a maximum of four-hundred thousand kyats or with both." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (က) နှင့် (ဂ) တို့တွင် ပါရှိသော "or of selling or administering any intoxicating drug " ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၂။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၉ တွင်ပါရှိသော "shall be punishable with fine which may extend to two hundred kyats." ဆိုသည့်စကားရပ်ကို "shall be punishable with fine a minimum of thirty thousand kyats to a maximum of fifty thousand kyats." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၄၀၊ အပိုဒ်ခွဲ (၁) တွင်ပါရှိသော "may be liable be punishable with fine which may extend to five hundred kyats." ဆိုသည့်စကားရပ်ကို "may be liable be punishable with fine a minimum of thirty thousand kyats to a maximum of fifty thousand kyats." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၄၁ တွင် ပါရှိသော "he shall be punishable in case (a) with fine which may extend to two hundred kyats, and in case (b) or case (c) with fine which may extend to five hundred kyats."ဆိုသည့်စကားရပ်ကို "he shall be punishable in case (a) with fine a minimum of thirty thousand kyats to a maximum of fifty thousand kyats, and in case (b) or case (c) with fine a minimum of fifty thousand kyats to a maximum of one-hundred thousand kyats." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၄၂၊ အပိုဒ်ခွဲ (၁) တွင်ပါရှိသော "he shall be punishable with imprisonment for a term which may extend to three months, or with fine which may extend to one thousand kyats, or with both." ဆိုသည့်စကားရပ်ကို "he shall be punishable with imprisonment for a term from a minimum of six months to a maximum of one year, or with fine a minimum of two-hundred thousand kyats to a maximum of four-hundred thousand kyats or with both." ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၄၂၊ အပိုဒ်ခွဲ (၂) တွင်ပါရှိသော "he shall be punishable with fine which may extend to two hundred kyats." ဆိုသည့်စကားရပ်ကို "he shall be punishable with fine a minimum of thirty thousand kyats to a maximum of fifty thousand kyats." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၄၄၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "or any apparatus for administering any intoxicating drug," ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆၇ ။)
၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစား အရလည်းကောင်း၊ သဘာဝအရင်းအမြစ်အနေအထားအရလည်းကောင်း၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့်ခွဲဝေသတ်မှတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊"

၃။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ ၏ နောက်တွင် ပုဒ်မ ၁၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၃-က။ ကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ မိမိ၏လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးနိုင်သည်။"

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆၈ ။)
၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစား အရလည်းကောင်း၊ သဘာဝအရင်းအမြစ် အနေအထားအရလည်းကောင်း၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များသို့ လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊"

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"၁၂-က။ ကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ မိမိ၏လုပ်ပိုင်ခွင့်များကို ခွဲဝေ သတ်မှတ်ပေးနိုင်သည်။"

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## အလောင်းတော်ကဿပ

# ဘုရားဖူးရာသီ လမ်းဖွင့်လှစ်မည့်ရက် ခေတ္တရွှေ့ဆိုင်းထား

**မုံရွာ ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံတွင် ထင်ရှားသော ဘုရားစေတီပုထိုး များစွာရှိသည့် အနက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပသည်လည်း ထင်ရှားကျော်ကြားလှသည်။

အဆိုပါ အလောင်းတော်ကဿပဘုရားသို့ နှစ်စဉ် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်ဖူးမြော်လျက်ရှိရာ ဘုရားဖူးရာသီလမ်းကို မူလက ဒီဇင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်မည်ဟု သတ်မှတ်ထားရာမှ ရက်အနည်းငယ်နောက်သို့ ဆုတ်လိုက်ကြောင်း သိရသည်။



ယမန်နှစ်က ဘုရားဖူးလာပြည်သူများကို တွေ့ရစဉ်။

ဘုရားဖူးရာသီလမ်း ရက်ပြောင်းရွှေ့ဖွင့်လှစ်မည့် အခြေအနေနှင့်ပတ်သက်ပြီး အလောင်းတော်ကဿပအမျိုးသားဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက "ပြည်တွင်းပြည်ပနဲ့ အနယ်နယ် အရပ်ရပ်က ဘုရားဖူးလာသူတွေ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် ထပ်မံပြင်ဆင်ဖို့ အနည်းငယ်ရှိသေးလို့ လမ်းဖွင့်မယ့်ရက်ကို နောက်ဆုတ်ထားပါတယ်။ ဒီဇင်ဘာ ၂၇ ရက် လောက်တော့ဖွင့်ဖြစ်မယ်လို့ ခန့်မှန်းထားပါတယ်။ ဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းတွေအပြင် ဘုရားဖူးလာ မိဘပြည်သူတွေ သွားလာရေး အဆင်ပြေစေဖို့အတွက် ဥယျာဉ်ကဆင်တွေအပြင် မြန်မာ့သစ်လုပ်ငန်းက ဆင်တွေနဲ့ပါ အားဖြည့်ဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ သက်ကြီးရွယ်အိုနဲ့ ကလေးတွေကို ဦးစားပေးပြီး ဆင်တွေကို နံနက် ၆ နာရီကနေ ၁၁ နာရီခွဲထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ် သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ပေးပါမယ်။ (၄၈)ကြိမ်မြောက် အလောင်းတော်ကဿပ ဗုဒ္ဓပူဇနိယပွဲတော်အမီ ဒီဇင်ဘာ ၂၇ ရက်မှာ လမ်းဖွင့်လှစ်နိုင်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ပြောကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**



**ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲမှူး မိုးကျော်ဟိန်း ဦးစီးသော တပ်ဖွဲ့ဝင် ၅၀ တို့ ဒီဇင်ဘာ ၁၉ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ သမိုင်းဝင်မြတ်စောညီနောင် ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။**

ကိုရဲ

# မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်ရန် စီစဉ်ထားသည့် Merlion Cup ပြိုင်ပွဲ ရက်ရွှေ့ဆိုင်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသည့် Merlion Cup ပြိုင်ပွဲကို ရက်ရွှေ့ဆိုင်းကျင်းပမည်ဖြစ်ကြောင်း စင်ကာပူဘောလုံးအဖွဲ့ချုပ်နှင့် ပြိုင်ပွဲစီစဉ်သူများက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ ဆက်သွယ်အကြောင်းကြားခဲ့သည်။

ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားသော်လည်း ပရိသတ် ၅၅၀၀၀ဆံ့ အမျိုးသား အားကစားကွင်းကို ငှားရမ်းရာ၌အဆင်မပြေသလို စင်ကာပူနိုင်ငံ၏ အခြားဘောလုံးကွင်းဖြစ်သည့် ဂျလန်းဘီဆာကွင်း၌ ကျင်းပရန် ကြိုးပမ်းခဲ့သော်လည်း ပြိုင်ပွဲဝင်အသင်းများဖြစ်သည့် ဂျပန်နှင့် တရုတ်ကလပ်အသင်းများမှာ ယင်းကွင်း၌ ကျင်းပပါက ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း အကြောင်းကြားခဲ့သောကြောင့် ရက်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ပြိုင်ပွဲစီစဉ်သူများ၏ ထုတ်ပြန်မှုအရ မြန်မာနိုင်ငံ သို့မဟုတ် အာဆီယံနိုင်ငံ တစ်ခုခု၌ ကျင်းပရန် ဆန္ဒရှိနေကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း ပြိုင်ပွဲပြန်လည်ကျင်းပမည့်အချိန်မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ဆုဖူးကီးဖလားပြိုင်ပွဲနှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတို့နှင့်တိုက်ဆိုင်မှု မရှိပါက မြန်မာ့လက်ရွေးစင်အသင်းကို စေလွှတ်ယှဉ်ပြိုင်စေမည်ဖြစ်ပြီးညှိနှိုင်းမှုများ အဆင်မပြေပါက ယှဉ်ပြိုင်မည်မဟုတ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ Merlion Cup ပြိုင်ပွဲကို အိမ်ရှင် စင်ကာပူလက်ရွေးစင်အသင်းအပါအဝင် မြန်မာ့လက်ရွေးစင်အသင်း၊ ဂျေလိဂ်ကလပ် ယိုကိုဟားမား မာရီနို့စ်အသင်း၊ တရုတ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မူလက စာရင်းပေးသွင်းထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၆ ခုနှစ်အတွင်း၌ ဆုဖူးကီးဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်သောကြောင့် ပြိုင်ပွဲမတိုင်မီ ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ်ပေးအပ်

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၂**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ်ပေးအပ်ပွဲကို တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးစီးမှူး ဦးသန်းဌေးက အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ရန်ပယ်သစ်တောကြိုးဝိုင်း ရန်ပယ်တိုးချဲ့နှစ် ကျောက်မီချောင်းသစ်တောကြိုးဝိုင်းအတွင်းရှိ အိုးပေါက်ရွာမ၊ ဆင်ချီတိုင်၊ ကုလားမ၊ သက္ကယ်မြောင်၊ ကျောက်တောင်၊ ပျိုးခင်းတိုက်၊ ညောင်မှော်၊ ဖတ်သန်းတက်ဒေသတို့မှ အစုအဖွဲ့ ၁၇ ဖွဲ့က ၁၈၅၅ ဧကအား ဒေသခံပြည်သူ ၅၆၇ ဦးတို့ကို အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၂၁)

## သတင်းတိုများ

### သံတမန်ရေးရာသင်တန်း

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် သံတမန်ရေးရာသင်တန်း အမှတ်စဉ်(၅/၂၀၁၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ နိုင်ငံခြားရေးရာဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ယင်းသင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အသစ်ခန့်အပ် လိုက်သော အရာထမ်းငယ်များ၏ အရည်အသွေးမြှင့်တင်စေရန်နှင့် ဗဟုသုတ ကြွယ်ဝစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ကာ ဌာနစုမှူး -၂ အဆင့်ရှိသူ ၃၀ တက်ရောက်ကြမည်ဖြစ်သည်။

**(သတင်းစဉ်)**

### မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲဆုပေးပွဲကျင်းပ

(TSDP) မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲဆုပေးပွဲကို ကန်ပက်လက်မြို့ မြို့မဘောလုံးကွင်း၌ ဒီဇင်ဘာ ၂၀ ရက် ညနေ ၃ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ရိုးရာမြားပစ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဒိုင်းဆုနှင့် ဆုငွေများကို ပြည်နယ်အား/ကာလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုပါမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အဆိုပါအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### စလင်းမြို့နယ်၌ အခြေခံအရန်မီးသတ် သင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် သနပ်ကုန်းကျေးရွာတွင် ဒီဇင်ဘာ ၂၀ ရက်က အခြေခံအရန်မီးသတ်သင်တန်းအပတ်စဉ် (၁/၂၀၁၅) ကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်ရဲစခန်းမှူး ရဲမှူးဝင်းတင်နှင့် စလင်းမီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးဌေးမော်တို့က အမှာစကားပြောကြားပြီး သနပ်ကုန်းကျေးရွာမှ ရပ်/ကျေး အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

### ပြင်သာလမ်း အဆင့်မြှင့်တင်ပြုပြင်ပြီးစီး

ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ကလေး-ပြင်သာလမ်း အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို မူလအနေအထားထက် သာလွန်စေရေး ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူပြုပြင် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင်ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လမ်းဘေးဝဲယာ ရေနုတ်မြောင်း အရှည် ပေ ၇၀၀၀ တူးဖော်ခြင်း၊ အုတ်စီခြင်း၊ ကွန်ကရစ်လောင်းခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါလမ်း အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများ ပြီးစီးခြင်းကြောင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ အဆင်ပြေလာပြီဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

### ဓာတ်အားသုံးစွဲသူများ ပို့အားပြည့်ဝစွာသုံးစွဲနိုင်ရန် တိုးချဲ့ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့၏ ညွှန်ကြားမှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ (တောင်ကြီး) မှကြီးကြပ်၍ တောင်ကြီးမြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများလျှပ်စစ်ဓာတ်အားဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရန်အတွက် ကေဗွီလိုင်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကေဗွီလိုင်းများကို တောင်ကြီးမြို့လွှတ်တော်ရုံးအနီးတွင် ၁၁ ကေဗွီလိုင်းပေ ၁၀၀၊ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေနှင့် ၄၀၀ ဗို့လိုင်းပေ ၁၀၀၀ တိုးချဲ့ခြင်း၊ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ချယ်ရီလမ်းထောင့်တွင် ၁၁ ကေဗွီလိုင်းပေ ၅၀၀၊ ၁၁/၀. ၄ ကေဗွီ ၂၀၀ ကေဗွီအေတိုးချဲ့ခြင်း၊ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရေထွက်ဦးလမ်း အေးစေတီအနီးတို့တွင် ၁၁ ကေဗွီလိုင်း ပေ ၅၀၀၊ ၁၁/၀. ၄ ကေဗွီ ၂၀၀ ကေဗွီအေ တိုးချဲ့ခြင်းတို့ကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတောင်ကြီးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# တရုတ်ငွေတန်ဖိုးမြင့်တက်၍ အရောင်းအဝယ်သမားများ အခက်အခဲကြုံတွေ့




**မူဆယ် ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့၌ တရုတ်ငွေတန်ဖိုးမြင့်တက်၍ ဒေသခံဈေးရောင်းသူများ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ **(အပေါ်ပုံ)**

မူဆယ်ခရိုင်အတွင်းရှိ နမ့်ခမ်း၊ ပန်ဆိုင်းမြို့များသည် တရုတ်နိုင်ငံနှင့် အနီးစပ်ဆုံးမြို့များဖြစ်ပြီး တရုတ်နိုင်ငံထုတ်ပစ္စည်းများကို အများဆုံး ဝယ်ယူရောင်းချနေသော မြို့များလည်းဖြစ်သည်။

ယခုရက်ပိုင်းအတွင်း မူဆယ်၊ ကျယ်ဂေါင်၊ ရွှေလီ၊ ဝမ်တိန်မြို့များတွင် ငွေဈေးအဆမတန် မြင့်တက်သွားသောကြောင့် ငွေလဲလှယ်သောသူများနှင့် ကုန်ပစ္စည်းအရောင်းအဝယ်သမားများ သိသိသာသာ လျော့နည်းသွားပြီး ဒေသခံဈေးအရောင်းဆိုင်များလည်း အရောင်းအဝယ်ပါးလျက်ရှိကြောင်း သိရသည်။

တရုတ်ပြည် ငွေလဲလှယ်နှုန်းများသည် တစ်နေ့ထက်တစ်နေ့ ပိုမိုတက်လာသောကြောင့် ဒေသခံဈေးဆိုင်ခန်းများမှ သိုလှောင်ထားသော ကုန်ပစ္စည်းများကို ထုတ်ရောင်းရန်ခက်ခဲသလို ပြန်ဝယ်ရန်လည်း အခက်အခဲရှိကြောင်း သိရသည်။

ဒီဇင်ဘာလအတွင်း ငွေလဲလှယ်နှုန်းတန်ဖိုးမှာ တရုတ်ယွမ် ၁၀၀ ကို မြန်မာငွေ တစ်သောင်းကိုးထောင်မှ နှစ်သောင်းအထိ တဖြည်းဖြည်း မြင့်တက်လာပြီး ပြန်မကျနိုင်ကြောင်းလည်း သိရသည်။

"တရုတ်ငွေဈေးကွက်က အလွန်တက်နေတော့ ဈေးရောင်းရတာလည်း အခက်အခဲရှိတယ်။ အခုဆိုရင် ကျွန်မတို့ဆိုင်မှာ မရှိမဖြစ်ပစ္စည်းတွေကိုပဲ ဦးစားပေးတင်ထားရတယ်။ နောက်ပစ္စည်းတွေဝယ်ဖို့ကလည်း ငွေဈေးက ကျမလာတော့ မဝယ်ရဲဘူး။ ရှိတဲ့ပစ္စည်းတွေကလည်း အရောင်းပါးတော့ တရုတ်ငွေဈေးတည်ငြိမ်မှ ပြန်ဝယ်တော့မယ်လို့ စဉ်းစားထားတယ်။ ခက်တာက တရုတ်ငွေဈေးက တက်ပြီးရင် လွယ်လွယ်ပြန်မကျတတ်ဘူး" ဟု ဒေသခံဈေးရောင်းသူ မဂျာဘောက ပြောသည်။

**သတင်း-သန့်ဇင်**
**ဓာတ်ပုံ-စိုးမိုး(၁၀၅မိုင်)**

# လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်

**ပင်းတယ ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အတွင်းရှိ ရပ်ကွက်(၅)ရပ်ကွက်နှင့် ကျေးရွာသုံးရွာတို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေ (BE) ဘတ်ဂျက်ဖြင့် လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာလမှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းမှုတွင် ဆင်ခေါင်းရပ်ကွက်၊ ဆူးဗိုလ်ကုန်းရပ်ကွက်၊ အနောက်ရပ်ကွက်နှင့် ဝါတရာကျေးရွာ၊ ရှော်ပင်ကျေးရွာနှင့် ပွင်လန်းကျေးရွာတို့တွင် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံးစီတပ်ဆင်ခြင်း၊ (ACSR 95 mm) ကြိုးများဖြင့် ၁၁ ကေဗွီဓာတ်အား လိုင်းများတပ်ဆင်ခြင်းနှင့် ACC ကြိုးကြီးများဖြင့် ၄၀၀ ဗွီ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ အော်ရောရပ်ကွက်နှင့်ငှက်ပျောတောရပ်ကွက်တို့တွင် ACC ကြိုးများဖြင့် ၄၀၀ ဗွီ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများအတွက် ကုန်ကျငွေမှာ ကျပ်သန်းပေါင်း ၅၈၇ ဒသမ ၃၂၅ ကျော် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုး(ပြန်/ဆက်)**

# ထူးထူးခြားခြားဖြစ်သည့် ရောဂါဆန်း

**မော်လူး ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့ ရပ်ကွက်(၆) မြို့မရပ်နေ ဦးစောအေး၊ ဒေါ်ခိုင်ချိုချို၏တို့သမီး မအေးဆန်းပိုင်သည် ထူးထူးခြားခြားဖြစ်သည့် ရောဂါဆန်းဟု ကြားသိရသဖြင့် ဦးစောအေး-ဒေါ်ခိုင်ချိုချိုနေအိမ်သို့ သွားရောက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက် မေးမြန်းခဲ့ရာ မအေးဆန်းပိုင်၏ မိခင် ဒေါ်ခိုင်ချိုချိုက ရှင်းလင်းပြောပြခဲ့သည်။

မွေးချင်း ခြောက်ယောက်ထဲမှ မအေးဆန်းပိုင်သည် ပဉ္စမမြောက်သမီးဖြစ်ပြီး ယခုအခါအသက် ၁၁ နှစ်ရှိပြီဖြစ်၍ အရေပြားရောဂါဆန်းကြောင့် ကျောင်းပညာကိုမသင်ယူခဲ့ရကြောင်း၊ ယနေ့အချိန်ထိ ဖျားနာခြင်းလည်းမရှိခဲ့ကြောင်း၊ မွေးရာပါရောဂါဆန်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရောဂါဆန်းသည် မအေးဆန်းပိုင်၏ မျက်နှာတွင်မဖြစ်ဘဲ ကျန်ကိုယ်ခန္ဓာနေရာအားလုံးတွင် ဖြစ်နေသည်။ မိုးရာသီနှင့်နွေရာသီ၌ အားလုံးကွာကျပြီး ဆောင်းရာသီတွင် ပြန်လည်၍ နဂိုအတိုင်း ပြန်ဖြစ်သည်ဟု မအေးဆန်းပိုင်၏မိခင် ဒေါ်ခိုင်ချိုချိုကပြောပြ၍ သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**



# ပရဟိတ မသန်စွမ်းဘက်စုံဖွံ့ဖြိုးရေး သင်တန်းကျောင်းဖွင့်

**မုံရွာ ဒီဇင်ဘာ ၂၂**

မသန်သော်လည်း စွမ်းကြမည့် လူသားများကို ကိုယ့်အားကိုယ်ကိုးလျက် အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန် ပညာရပ်များကို သင်ကြားပေးမည့် ပရဟိတမသန်စွမ်းဘက်စုံပညာ ဖွံ့ဖြိုးရေးသင်တန်းကို ဒီဇင်ဘာ ၂၀ ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းကို ပြင်ဦးလွင် ပရဟိတ မျက်မမြင်ဘက်စုံဖွံ့ဖြိုးရေး သင်တန်းကျောင်းဆရာတော်ဦးစီး၍ မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် မဟာဝံသကျောင်းတိုက်အရှေ့ဘက် သီတာအေးလမ်းနှင့် ၁၂ လမ်းကြားတွင် မသန်စွမ်းကျောင်းသား ကျောင်းသူ ၁၂ ဦးနှင့် မသန်စွမ်းနည်းပြလေးဦးတို့ဖြင့် စတင်ဖွင့်လှစ်ထားကြောင်း သိရသည်။

စားဝတ်နေရေး၊ ကျန်းမာရေးကအစတာဝန်ယူ၍ မသန်စွမ်းသူများအား ပန်းချီ၊ ပန်းပု၊ စက်ချုပ်၊ ကွန်ပျူတာ၊ လျှပ်စစ်၊ တားရော့ဗေဒင်ပညာ၊ ဆံပင်ညှပ်၊ ဆံကေသာအလှပြင်၊ သူငယ်တန်းမှဘွဲ့ရသည်အထိအစိုးရအတန်းပညာများကိုအခမဲ့သင်ကြားပေးလျက်ရှိနေပြီဖြစ်၍ လက်ရှိသင်တန်းသား အရေအတွက်ထက် ၂၅ဦးမှ၃၀အထိ လက်ခံစောင့်ရှောက်သင်ကြားပေးမည် ဖြစ်ကြောင်း ဆရာတော်ဦးဥေယျက မိန့်ကြားသည်။

၂၀၁၀ ပြည့်နှစ်မှစတင်၍ မသန်စွမ်းသူများအား ပညာပြန်လည်ပို့ချသင်ကြားပေးနိုင်ရန် ဆရာဆရာမများကို ပြင်ဦးလွင် ပရဟိတ မျက်မမြင် ဘက်စုံပညာသင်တန်းကျောင်းမှ အခြေခံစတင်၍ မန္တလေးသင်တန်းများသို့ လည်းကောင်း၊ ရန်ကုန်သင်တန်းများသို့ လည်းကောင်း တက်ရောက်သင်ကြားစေခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကျေးလက်မြေသားလမ်းမှသည် ကျောက်ချောလမ်းအဆင့်မြှင့်

**ဟသ်ာတ ဒီဇင်ဘာ ၂၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒီဇင်ဘာလ တတိယပတ်ကစ၍ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာမြေသားလမ်းများကို ကျောက်ချောလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဧရာဝတီမြစ်ကမ်းဘေးနှင့်နီးစပ်သော ကျေးရွာများသို့ အချိန်တိုအတွင်း သွားရောက်နိုင်မည်ဖြစ်၍ အိုင်ကြီး-ဝါသလလမ်းကို ကျောက်ချောလမ်းအဖြစ် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**












# ကားရှေ့ဘီးပေါက်၍ တံတားအောက်သို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွား

**ပေါက် ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်၌ ဒီဇင်ဘာ ၂၁ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က အမှတ်(၁)ပေါက်တံတား(အုန်းတောတံတား) ပေါ်မှ အုန်းတောချောင်းအတွင်းသို့ ယာဉ်ပြုတ်ကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း ပေါက်မြို့မရဲစခန်းမှ သိရသည်။

စစ်ဆေးချက်အရ နေပြည်တော် မုဒုံမောင်မောင်ကုမ္ပဏီက မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် မြစ်သာဆည်ရှိ ၁၀ ဘီးကားများအသုံးပြုမည့် ကားတာယာများပို့ဆောင်ရန်အတွက် ပခုက္ကူ-ပေါက်ကားလမ်းအတိုင်း နေပြည်တော်ဘက်မှ ဂန့်ဂေါဘက်သို့ လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာနေသူ ယာဉ်မောင်း ဝေလင်းဦး (၂၁နှစ်) မောင်းနှင်သည့် ၆ဂ/---- WOHO SINO အဖြူရောင် ၁၀ ဘီးယာဉ်သည် အမှတ်(၁) ပေါက်တံတား(အုန်းတောတံတား) တိုင်အမှတ် P 9 နှင့် P 10 ကြားအရောက်တွင် ယာဘက်ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တံတားမြောက်ဘက်ခြမ်းရှိ လက်ရန်းတိုင်ကို တိုက်မိပြီး အုန်းတောချောင်းအတွင်းသို့ ပြုတ်ကျ တိမ်းမှောက်ခဲ့ရာ ဝေလင်းဦးနှင့် ယာဉ်ပေါ်လိုက်ပါလာသူ မန္တလေးတိုင်းဒေသကြီး ကူမဲမြို့နယ် ချမ်းငြိမ်းသာကျေးရွာနေသူများဖြစ်ကြသော စိုင်းကျော်ခိုင် (၂၂နှစ်) အပါအဝင် အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဝေလင်းဦးကို ပေါက်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# သာပေါင်းမြို့နယ်၌ တရားမဝင် တောင်သရက်သစ်များ ဖမ်းဆီးရမိ

**ပုသိမ် ဒီဇင်ဘာ ၂၂**

သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော သစ်တောဦးစီးဌာနမှ တောအုပ်ကြီး၊ ဘိနယ်တာဝန်ခံတောအုပ်နှင့် တောခေါင်းသက်ဦးတို့သည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ခေနန်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဘုရားကုန်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် သတင်းအရ ခေနန်ကျေးရွာအုပ်စု ညောင်ကွင်းကျေးရွာ၌ တရားမဝင်သစ်များ ရောင်းဝယ်မှုစုံစမ်းရှာဖွေဖော်ထုတ်ရာ၌ ခေနန်ကျေးရွာနေသူ ဦးအောင်သန့်ဇော် (၃၆ နှစ်) ရောင်းဝယ်ရေးလုပ်ငန်းပိုင် သရက်ဆိုက်စုံနှင့် သစ်လုံးခုနစ်လုံးပါ ၀ ဒသမ ၅၁၃ တန် ခွဲသားဆိုက်စုံ ၁၀ ချောင်း (၀ ဒသမ ၄၆ တန်)၊ ဦးဝင်းကျော်သူ (၄၀နှစ်) ရောင်းဝယ်ရေးလုပ်ငန်းပိုင်ခွဲသားဆိုက်စုံ ၇၇ ချောင်း (၁ ဒသမ ၂၆ တန်)၊ ဦးဘိုနီ (၆၅ နှစ်) ပိုင်ဆိုက်စုံသစ်လုံး ၁၄ လုံး (၁ ဒသမ ၆၂ တန်)နှင့်သစ်ခွဲသားဆိုက်စုံ ၁၆ ချောင်း (၁ ဒသမ ၃၃ တန်)တို့ကို သစ်ပိုင်ရှင်များနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ အလားတူ သာပေါင်းမြို့နယ် သရက်ကုန်းကျေးရွာ ဘုရားကြီးကျေးရွာဆိပ်ကမ်း၌ တောင်သရက်ခွဲသားဆိုက်စုံ ၂၆ ချောင်း (၂ ဒသမ ၆၀ တန်) နှင့် ပုတ်တန်း ကျေးရွာဆိပ်ကမ်းမှ ဆိုက်စုံ ၆၃ ချောင်း (၇ ဒသမ ၄၃၆ တန်)တို့ကို ပိုင်ရှင်မဲ့ထပ်မံသိမ်းဆည်းနိုင်ခဲ့သဖြင့် သာပေါင်းမြို့နယ် သစ်တောဦးစီးဌာနက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**



# သပိတ်ကျင်းမြို့အနီး ဆီတင်တွဲသင်္ဘောနှင့် စက်လှေတိုက်မိ

**သပိတ်ကျင်း ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့အနီး ဆီတင်တွဲသင်္ဘောနှင့် စက်လှေတို့ တိုက်မိပြီး နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ် ရဲစခန်းတောင်ဘက်ခုနစ်မိုင်ခန့်အကွာ ဧရာဝတီမြစ်အတွင်း ဒီဇင်ဘာ ၂၀ ရက် ညနေ ၄ နာရီခွဲခန့်က ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာလာပြီး ကသာသို့ ထုံးဘိုရွာ ပန်းတောင်းမြို့နယ်နေသူ ဆလင်ဦးသက်ခိုင်ဝင်း မောင်းနှင်လာသည့် ဒီဇယ်ဂါလန် ၂၄၀၀၀၀ တင်အောင်ထက်လင်း တွဲသင်္ဘောနှင့် သပိတ်ကျင်းဘက်မှ မန္တလေးသို့ ဦးကျော်ဝင်း ရွှေညောင်ပင်စခန်း သပိတ်ကျင်းမြို့နယ်နေသူ မောင်းနှင်သည့် ထင်းခွဲဖတ်များ တင်ဆောင်လာသော စက်လှေသည် အင်ဂျင်စက်ရပ်ပြီး ရေစီးအတိုင်း မျောလိုက်လာရာမှ ဆီတင်တွဲသင်္ဘောနှင့် တိုက်မိပြီး စက်လှေမှာ တိမ်းမှောက်နစ်မြုပ်သွားခဲ့သည်။

အခင်းဖြစ်ပွားစဉ် စက်လှေမောင်းသူ ဦးကျော်ဝင်းသည် မြစ်အတွင်းသို့ ကျသွားပြီး ဒဏ်ရာများရရှိခဲ့သည်။ နစ်မြုပ်သွားသည့် စက်လှေနှင့် တင်ဆောင်လာသည့် ထင်းတန်ဖိုးစုစုပေါင်း ၁၁၂ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေယာဉ်ကို အန္တရာယ်ဖြစ်စေအောင် မောင်းနှင်သူ ဦးသက်ခိုင်ဝင်းနှင့် ဦးကျော်ဝင်းတို့အား သပိတ်ကျင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ဘုရင့်နောင်အမှတ်(၂)တံတားပေါ်ရှိ လမ်းလယ်၌ ကာရံထားသည့် သံပန်းအကာများ ပျောက်ဆုံး

**ရန်ကုန် ဒီဇင်ဘာ ၂၂**

အမှတ်(၂)ဘုရင့်နောင်တံတားကို ရန်ကုန်ဘက်သို့ တစ်လမ်းမောင်း တစ်ခုသာ ခွင့်ပြုထားရာ အဆိုပါ တစ်လမ်းမောင်းအား တံတားအတက်မှ ပင်မတံတားအဝင်ထိအဖြူ/ အနီ ကျောက်ဘလောက်တုံးများဖြင့် ကာရံပေးထားကာ ပင်မတံတားအဝင်မှစ၍ သုံးပေခန့်မြင့်သော သံပန်းများဖြင့် အဆင့်မြင့်စွာ တားဆီးကာပေးထားရာ ဒီဇင်ဘာလ ပထမပတ်က ယင်းသံပန်းများမှ သံပန်းအချို့ ပျောက်ဆုံးသည့်အတွက် တစ်လမ်းမောင်းသွားလာသောယာဉ်များအတွက် အခက်အခဲကြုံတွေ့ခဲ့ရသည့်အပြင် တံတား၏ အလှကိုလည်း ပျက်စီးစေကြောင်း သိရသည်။ **(ဝဲပုံ)**



တံတားအတက်/အဆင်းတွင်ရှိသော ယာဉ်ကြောအတွက် အကာအကွယ်ပြုလုပ်ထားသည့် အုတ်ဘလောက်တုံးများ ပျက်စီးခြင်း၊ ရွှေ့ပြောင်းထားခြင်းတို့ကြောင့် အရှိန်ဖြင့် အတက်/အဆင်းမောင်းနှင်ရသောယာဉ်များအတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။ လုံခြုံရေးကင်းတဲဆောက်လုပ်ထားသော်လည်း လုံခြုံရေးအစောင့်မရှိသောကြောင့် လုံခြုံရေးကင်းတဲ၏ ဖိုက်ဘာမှန်အကာအချို့ ကွဲကြေပျက်စီးလျက်ရှိကာ လုံခြုံရေးမရှိခြင်းကြောင့် သံပန်းအကာများ ဖြုတ်ယူခြင်းဖြစ်နိုင်ကြောင်း တံတားအဆင်းရှိ တက္ကစီဂိတ်မှ ယာဉ်မောင်းများက ပြောသည်။

ဒီဇင်ဘာလ ဒုတိယပတ်တွင် ပျောက်ဆုံးနေသော တစ်လမ်းမောင်းအတွက် ကာရံထားသည့် သံပန်းများကို ပြန်လည်အစားထိုး တပ်ဆင်ထားရာ သံပန်းငါးခုလစ်လပ်လျက်ရှိပြီး ယင်းနေရာမှ ယာဉ်များ စည်းကမ်းမဲ့ ချိုးကွေ့မောင်းနှင်မှုကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်မှုကို စိုးရိမ်နေရကြောင်း၊ အန္တရာယ်ကင်းရှင်းစေရန် လုံခြုံရေးထားရှိပေးရန်နှင့် သံပန်းအကာများ ထပ်မံပျောက်ဆုံးမှု မဖြစ်စေရန် လိုအပ်နေကြောင်း ဖြတ်သန်းသွားလာနေသော ယာဉ်မောင်းများထံမှ သိရသည်။ **(၁၆၄)**

## ဖိတ်ကြားလွှာ

စက်မှုသင်တန်းကျောင်း၊ အမှတ် ၁ သန်လျင်တွင် တက်ရောက်သင်ကြားခဲ့သော အပတ်စဉ်(၁မှ၇)ထိ ကျောင်းသားများ၏ စတုတ္ထအကြိမ် ဆရာကန်တော့ပွဲနှင့် ကျောင်းသားမိတ်ဆုံစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ (ကန်တော့ခံဆရာများအတွက် သီးသန့်ဖိတ်စာများပေးပို့ပါမည်။)

**နေ့ရက်** - ၄-၁-၂၀၁၆ရက် (တနင်္လာနေ့)
**အချိန်** - ညနေ ၆နာရီမှ ၁၁နာရီ
**နေရာ** - M-3 food Center (ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ ဗဟန်းအားကစားကွင်းအနီး)


## အင်္ဂလိပ်စကားပြောသင်တန်းကျောင်း

**Researchers**

အခြေခံသဒ္ဒါနှင့် စကားပြောသင်တန်း

| Opening Date | Class | Time | Duration |
| --- | --- | --- | --- |
| 1.1.2016 | Evening Fri, Sat, Sun | 6:00 to 8:00 pm | 6 months |
| 2.1.2016 | Morning Sat, Sun | 8:30 to 11:30 am | |

အမှတ် (၅၆) ငါးလွှာ၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေ(သီတာမှတ်တိုင်)
ဖုန်း - ၀၉၂၅၀၁၆၂၀၃၈၀၁-၂၀၉၃၈၂၊၀၉-၅၆၈၀၂၃၇


## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာ(၂၅)ရက် (သောကြာနေ့) ခရစ္စမတ်နေ့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ဒေါ်နွယ်နီဝင်း ၁၂/ဒဂတ(နိုင်)၀၃၂၁၇၀နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ် ၉၇၉/၉၈၂တွင် ဖွင့်လှစ်ထားသော "သုခရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ" တွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်နွယ်နီဝင်းအား ၂၀-၁၂-၂၀၁၅ ရက်မှစ၍ အလုပ်တာဝန်မှ ရပ်စဲပြီးဖြစ်ပါသဖြင့် နောက်နောင်သုခရိပ်မြုံနှင့် ပတ်သက်သမျှ အလှူအတန်းကိစ္စအပါအဝင် မည်သည့်ကိစ္စမဆို ဒေါ်နွယ်နီဝင်းနှင့် လုံးဝပတ်သက်သက်ဆိုင်ခြင်း မရှိတော့ပါသဖြင့် သုခရိပ်မြုံဂေဟာ၏ အောက်ပါဖုန်းနံပါတ်များသို့သာ တိုက်ရိုက် ဆက်သွယ်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**သုခရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ**
**ဖုန်း-၀၁-၅၈၁၉၅၅၊ ၀၉-၄၅၀၀၄၃၄၀၅၊ ၀၉-၂၅၂၈၇၆၀၈၄**

## ရန်ကုန်စက်မှုတက္ကသိုလ် (1974-80) ဘာသာရပ်ပေါင်းစုံ ကျောင်းသား/ကျောင်းသူများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

စက်မှုတက္ကသိုလ်ကြီးတွင် (၁၉၇၄)ခုနှစ်၌ စတင်ပညာသင်ကြားခဲ့ပြီး ကျောင်းပြီးခဲ့ကြသည့် သူငယ်ချင်းများ၊ ကျောင်းမပြီးခဲ့သည့်သူငယ်ချင်းများ၊ မည်သည့်နှစ်တွင်မဆို စတင်ပညာသင်ကြားခဲ့ပြီး (၁၉၈၀)ခုနှစ်တွင် ကျောင်းပြီးခဲ့သည့်သူငယ်ချင်းများအား..... ဒုတိယအကြိမ်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲသို့ တက်ရောက်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည် ...

◆ **အာစရိယပူဇော်ပွဲ** နေ့ရက်/ အချိန် ..... ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ (၁၆)ရက်၊ စနေနေ့ နံနက် (၉)နာရီ
နေရာ ..... ရန်ကုန်နည်းပညာတက္ကသိုလ်စုဝေးခန်းမ၊ အင်းစိန်မြို့နယ်

◆ **မိတ်ဆုံစားပွဲ** နေ့ရက်/ အချိန် ..... ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ (၁၆)ရက်၊ စနေနေ့ ညနေ (၅)နာရီ
နေရာ ..... ရွှေရှမ်းကန်စားသောက်ဆိုင်၊ အင်းယားလမ်း

အလှူငွေထည့်ဝင်ရန်-(Mech)ဦးတင်ဝင်း09-250648831,(EP)ဒေါ်ခင်ထွေးလှ 09-31346830, (EC)ဦးကြည်မျိုးလွင်09-73373373, (Tex)ဦးမြင့်မောင်09-250028470,(Minn) ဦးလှဝင်း 09-5331013, (Petrol)ဦးစိန်ဘို 09-450019209,(Met)ဦးကြည်စိုး09-5179510, (Archi) ဒေါ်မျိုးမြတ်အေး09-254248840, (Chem)ဒေါ်နှင်းနှင်းအေး09-425303564, (Civil) ဦးဝင်းနိုင်(ဂျပန်)09-5014942,ပုဇွန်တောင်KBZ Bank(0141220040619)(ငွေသွင်းပြီးက ဦးမြင့်သိန်းထွန်း 09-5014926 ထံဆက်သွယ်ပေးပါရန်။)

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် ဥယျာဉ်တန်း-ခ၊ ဦးပိုင်အမှတ်(၁၇)၊ ၃၆×၃၇ကြား၊ ၆၅×၆၆လမ်းကြားရှိ ဒေါ်ကြည်၊ ဒေါ်ထွေးအမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်သန်းသန်းဝင်း(ခ)ရန်ဂိုထွေး ၁၃/ကခန(နိုင်)၀၆၀၀၉၅က ဦးပိုင် ၁၇(ခဲစင်း)တောင်ဘက်ခြမ်းအားမြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရေးသည် အသက်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂ ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၁၁၀၊ ဧရိယာပေ (၂၀×၆၀) အကျယ်အဝန်းရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက် ပိုင်ဆိုင်သူ ဦးမြတ်မင်းထွန်း ၁၂/ဗဟန(နိုင်)၀၂၄၀၀၈ ထံမှကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းလွင် LL.B အထက်တန်းရှေ့နေ**
**အမှတ် ၅၄၂၊ အခန်းအမှတ် A.2၊ ကုန်သည်လမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၇၄၅၈၃၃**

# မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း နယ်လှည့်ဆောင်ရွက်ပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေး နှိုးဆော်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | လယ်ဝေး |
| ၂။ | ကချင်ပြည်နယ် | မိုးကောင်း |
| ၃။ | ကရင်ပြည်နယ် | ဖာပွန်၊ ကမမောင်းမြို့နယ်ခွဲ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ချောင်းဦး၊ မြောင်၊ ခင်ဦး၊ မြို့သစ် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | တနင်္သာရီ |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည်၊ မိုးညို |
| ၇။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ ရေစကြို၊ ပွင့်ဖြူ၊ အောင်လံ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ် |
| ၉။ | မွန်ပြည်နယ် | မုဒုံ |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး၊ ဒလ |
| ၁၂။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ မိုင်းပျဉ်း၊ နမ့်စန် |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာ၊ ဓနုဖြူ၊ ကျိုက်လတ်၊ အမာမြို့နယ်ခွဲ၊ အင်္ဂပူ |

# မူဆယ်-ကျယ်ဂေါင်ငွေဈေးမြင့်တက်မှုကြောင့် ဆိုင်ကယ်အသစ် ရောင်းချသူများနှင့် ကုန်ရောင်း/ကုန်ဝယ်သမားများ အလုပ်မဖြစ်




မူဆယ်-ကျယ်ဂေါင် နယ်စပ်ဒေသရှိ ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်များကို တွေ့ရစဉ်။

**မူဆယ် ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် တရုတ်နိုင်ငံနယ်စပ် မူဆယ်မြို့၌ ဆိုင်ကယ်သစ်ရောင်းသူများနှင့် ကုန်ရောင်း/ကုန်ဝယ်သမားများ ယခုရက်ပိုင်းအတွင်း ငွေဈေးမြင့်တက်မှုကြောင့် သိသိသာသာလျော့နည်းသွားကြောင်း သိရသည်။

အဆိုပါ ဆိုင်ကယ်ရောင်းချသူများနှင့် ကုန်ရောင်း/ကုန်ဝယ်သမားများ လျော့နည်းသွားရခြင်းမှာ တရုတ်ငွေဈေး အဆမတန်မြင့်တက်သွားခြင်း၊ နယ်စပ်ကုန်သွယ်ရေးမိုဘိုင်းအဖွဲ့မှ ဖမ်းဆီးစစ်ဆေးခြင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်သည်။

နယ်စပ်ဒေသ မူဆယ်-ကျယ်ဂေါင်၊ ဝမ်တိန်၊ ရွှေလီမြို့များတွင် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ၊ ဆိုင်ကယ်ဝယ် ရောင်းချသူများ၊ ကုန်ရောင်း/ကုန်ဝယ်သမားများနှင့် စည်ကားလျက်ရှိပြီး ယခုရက်ပိုင်း တရုတ်ငွေဈေးမြင့်တက်မှုကြောင့် ဆိုင်ကယ်ရောင်းချသူများနှင့် ကုန်ရောင်း/ကုန်ဝယ်သမားများ နည်းပါးသွားပြီး နယ်စပ် မူဆယ်-ကျယ်ဂေါင်မြို့များ၌ လူစည်ကားမှုမရှိတော့သည့်အပြင် ဒေသခံ ဈေးဆိုင်ခန်းများမှာလည်း အရောင်းအဝယ်ကျဆင်းသွားသည်အထိ ဖြစ်သည်။

တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့ရှိ ဆိုင်ကယ်ဈေးကွက်များမှာ ကမ်ဘို(R-125)ဆိုင်ကယ်တစ်စီးကို တရုတ်ယွမ်ငွေ နှစ်ထောင်ကျော်မှ သုံးထောင်ကျော်အထိလည်းကောင်း၊ ကမ်တာ(125) ဆိုင်ကယ်တစ်စီးကို တရုတ်ယွမ်ငွေ တစ်ထောင်ကျော်မှ နှစ်ထောင်ကျော်အထိရှိသည်။

မြန်မာနိုင်ငံ ဆိုင်ကယ်အရောင်းအဝယ်သမားများအနေဖြင့် ကမ်တာ(125) ဆိုင်ကယ်ကို ပိုမိုအရောင်းအဝယ်လုပ်သည်ဟုသိရပြီး အခြားဆိုင်ကယ်အမျိုးအစား ရင်ဆင်း(125 ) ဆိုင်ကယ်၊ အမ်ဘိုဆိုင်ကယ်၊ စကိုင်းဂိုဆိုင်ကယ်နှင့် ရှမ်ယမ်ဆိုင်ကယ်တို့ အနည်းငယ်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့တွင် ကမ်ဘို(R-125) ကမ်ဘိုဆိုင်ကယ်အစား အသစ်ထွက်လာသော ကမ်တာ(125) ဆိုင်ကယ်အမျိုးအစားကို ဈေးလျှော့ပြီး ရောင်းချပေးသည့်အတွက် အခြားဆိုင်ကယ်ကုမ္ပဏီများ အရောင်းပါး၍ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း တချို့ဆိုင်ကယ်ကုမ္ပဏီများ အရောင်းအဝယ်မဖြစ်၍ ပိတ်ထားရသည်အထိဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဆိုင်ကယ်အသစ် စီးနင်းတင်သွင်းရောင်းချသူတို့သည် အနီးဆုံးခရီးကို တစ်သောင်းကျော်နှင့် နှစ်သောင်းကျော်ကြားအမြတ်ရရှိကြောင်း၊ အငှားလိုက်စီးသူများအနေဖြင့် အနည်းဆုံး ကျပ် ခြောက်ထောင်နှင့် တစ်သောင်းကြား ကျန်ရှိကြောင်း သိရသည်။

**သတင်း-စိုးမိုး၊ ဓာတ်ပုံ-သန့်ဇင်**

## ဒီဇင်ဘာ ၂၂ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၅၀၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၅၀၀ မှ ၃၈၀၀၀ | အသစ် |
| ၃။ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၀၀၀ မှ ၂၀၅၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၂၀၀၀ | အသစ်(ရှယ်) |
| ၇။ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၂၅၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၈၀ မှ ၂၁၇၀ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား၊ မြင်းခြံ၊ ပခုက္ကူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀ မှ ၁၅၀၀ | ရှယ်၊ လတ် |
| ၁၀။ | ကြက်သွန်နီ | တရုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀ | သစ် |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၁၀၀ မှ ၃၂၀၀ | ရှယ်၊ လတ် |
| ၁၂။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၃၀၀ | ထူး ၂၃၄၅ |
| ၁၃။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၅၀ မှ ၆၃၀ | A1,OK,S1,S2 |
| ၁၄။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၁၀၀ | |
| ၁၄။ | ပိုက်သခွား | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀ မှ ၁၇၀၀ | |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။


**အကြိမ်(၂၀)မြောက် အ.ထ.က (၃) ဟသ္သာတ အာစရိယပူဇော်ပွဲ 'ဖိတ်ကြားလွှာ'**

၂၀၁၅ ခုနှစ် အကြိမ်(၂၀)မြောက် အ.ထ.က (၃) ဟသ္သာတ ဆရာကန်တော့ပွဲအား အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးနေ ဆရာကြီးဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေရာ - အ.ထ.က (၃) ပင်လုံခန်းမ၊ ဟသ္သာတ
နေ့ရက် - (၂၇.၁၂.၂၀၁၅) တနင်္ဂနွေနေ့
အချိန် - ညနေ ၄:၀၀ နာရီ

ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေး ကော်မတီသို့ ဆက်သွယ်လှူဒါန်းနိုင်သော ဖုန်းနံပါတ်များ -
ကိုကျော်ဌေး - ၀၉ ၇၈၉၅၆၄၃၂၀၊ ကိုခင်ဦး - ၀၉ ၃၁၃၇၈၈၉၅
မထူးမာ - ၀၉ ၇၉၃၂၃၃၈၀၃၊ ကိုကျော်ဌေးမင်း - ၀၉ ၅၁၀၀၅၃၄
မဝါဝါရှိန် - ၀၉ ၅၀၂၆၈၂၈

**အမြန်ပြန်လာပါ**

ဦးထွန်းမွေး၏ သမီး ဒေါ်လှိုင်လှိုင်မွေး အသက် (၄၇)နှစ်သည် ၁၆-၆-၂၀၁၅ ရက်တွင် ပဲခူးမြို့နေအိမ်မှ ခင်ပွန်းဖြစ်သူနှင့် စိတ်ဆိုးပြီး မိမိသဘောဆန္ဒအရ ပြုမူသွားပါသည်။ သို့ပါ၍ အမြန်ပြန်လာပါရန်နှင့် လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**ဦးမောင်မောင်နိုင် ၉/တကန(နိုင်) ၁၁၆၁၄၂**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2G/ 3102၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4C/ 3488၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**မွေးသက္ကရာဇ် အမှန်**

ကော့ကရိတ်မြို့၊ အထက (ချောင်းတောင်) အဋ္ဌမတန်း(A)မှ နန်းသင်းသဥ္ဇာသိန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၁၂-၂၀၀၂ ဖြစ်ပါကြောင်း။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အိတ်ဖွင့်တင်ဒါ(ဈေးပြိုင်)လေလံခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းပိုင် အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ်(၉၁) လျှပ်စစ်ဝင်းနှင့် ကိုယ်ပိုင်ဝင်းအတွင်းရှိ နေထိုင်ရန်မသင့်လျော်သောအဆောက်အအုံ (၆)လုံးအား အိတ်ဖွင့်တင်ဒါဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံပုံစံရောင်းချရက်** - ၂၂-၁၂-၂၀၁၅ ရက်
(ခ) **လေလံပိတ်မည့်ရက်နှင့်အချိန်** - ၅-၁-၂၀၁၆ ရက်၊ ၁၂:၀၀နာရီ

၂။ လေလံပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါ(ဈေးပြိုင်)စိစစ်ရွေးချယ်ရေးအဖွဲ့**
**စမ်းသပ်ရေးနှင့် မီတာဌာန၊ပစ္စည်းစီမံရေးဌာန**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**အမှတ် ၁၉၇/၁၉၉၊အောက်ကြည့်မြင်တိုင်လမ်း၊အလုံမြို့နယ်၊**
**ဖုန်း-၀၁-၂၃၀၁၈၆၉၊ ၀၁-၂၃၀၂၀၈၆**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ ကျိုက်ဝိုင်း၊ အောင်သပြေ ၁ လမ်း၊ အမှတ် ၅၆(က)နေ ကွယ်လွန်သူ ဦးညွန့်အောင် ၁၂/ကမတ(နိုင်)၀၃၈၉၇၈၏ တရားဝင်ဇနီးမှာ ဒေါ်သန်းသန်းဦး ၁၂/မရက(နိုင်)၁၁၂၁၈၅ ဖြစ်ကြောင်းနှင့် သား မောင်အောင်အောင်ဦး သားတစ်ဦးရှိပါသည်။ (ဦးညွန့်အောင်)၏ လုပ်သက်ပင်စင်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်သန်းသန်းဦး**
**၁၂/မရက(နိုင်) ၁၁၂၁၈၅**

**MICPA အသင်း၏ ပညာရပ်ဆိုင်ရာ ဟောပြောပွဲခေါင်းစဉ်နှင့်ဟောပြောမည့်သူ ပြောင်းလဲခြင်း**

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA)၏ [ယခင် ၁၃-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကြေညာခဲ့ပြီး] ၂၇-၁၂-၂၀၁၅ရက် မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်နိုင်မောင်မောင်မှ ဟောပြောမည့် IFRS 15 Revenue from Contracts with Customers ဟော ပြောပွဲခေါင်းစဉ်အစား အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းသင်၊ ဒေါ်အေးသီတာ၊ ဦးမိုးကျော်နှင့် ဒေါက်တာတင်လတ်တို့က Panel Discussions on the Recent Notifications Issued by MAC ခေါင်းစဉ်ဖြင့် ပြောင်းလဲဟောပြောမည်ဖြစ်ပါကြောင်း အကြောင်းကြား အသိပေးအပ်ပါသည်။

ပြောင်းလဲဟောပြောမည့် အကြောင်းအရာအတွက် အသေးစိတ်သိရှိလိုပါက ၂၄-၁၂-၂၀၁၅ ရက် နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်၍လည်းကောင်း၊ အသင်း၏ ဖုန်းအမှတ် ၀၉-၃၁၇၁၈၁၄၉ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**CLAIMS DAY NOTIC**
**M.V MALACCA HIGHWAY VOY:NO(11)**

Consignees of cargo carried by M.V MALACCA HIGHWAY VOY:NO(11) are here by notified that the vessel will arrive on about 24-12-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း

## အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

*ယမန်နေ့မှအဆက်*

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက်ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁၂။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ။ | | ၁၅% |
| ၁၃။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန်ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | | ၅% |
| ၁၄။ | Four Door Double Pickup မှအပ ၁၈၀၀ CCအထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၂၅ % |
| ၁၅။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၁၀ % |
| ၁၆။ | သဘာဝဓာတ်ငွေ့။ | | ၈ % |

(ခ) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ ဂျုံမှုန့်အနု၊ အကြမ်း၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြားနှံစား သီးနှံမှုန့်များ။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၄ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါး စသော လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ။ |
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၃ | ပိုးအိမ်။ |
| ၂၄ | ကြိမ် အကြမ်းအချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၂၈ | ဆပ်ပြာမှုန့်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၂၉ | အရောင်ချွတ်ဖတ်။ |
| ၃၀ | အုန်းဆံချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၃၁ | လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၃၂ | တံဆိပ်ခေါင်းအမျိုးမျိုး(အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၃၃ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၄ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၅ | ငံပြာရည်အမျိုးမျိုး။ |
| ၃၆ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုပ်ဆီနှင့် ဆီအခဲများ။ |
| ၃၇ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၈ | နို့၊ နို့မှုန့်အမျိုးမျိုး။ |
| ၃၉ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၀ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၁ | ချင်း။ |
| ၄၂ | ငါးပိအမျိုးမျိုး။ |
| ၄၃ | မန်ကျည်းမှည့်။ |
| ၄၄ | နိုင်ငံတော်အလံ။ |
| ၄၅ | စိပ်ပုတီးအမျိုးမျိုး။ |
| ၄၆ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၄၇ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၄၈ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၄၉ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၀ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၁ | ဘာသာရေးဆိုင်ရာ အဝတ်အထည် (သင်္ကန်း စသည်တို့)။ |
| ၅၂ | ရေနံချေး။ |
| ၅၃ | ဆားအမျိုးမျိုး။ |
| ၅၄ | ကြက်ပေါင်စေး။ |
| ၅၅ | ကွမ်းသီး။ |
| ၅၆ | ဓာတ်မြေဩဇာ။ |
| ၅၇ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။ |
| ၅၈ | လယ်ယာနှင့်မွေးမြူရေး လုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံး စက်နှင့်စက်အပိုပစ္စည်းများ။ |
| ၅၉ | တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာ ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ။ |
| ၆၀ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများ။ |
| ၆၁ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၂ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၃ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်း ကိရိယာတန်ဆာပလာများနှင့် အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများ။ (ဆိုင်ရာဆေးရုံ၊ ဆေးခန်းများတွင်အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် ပစ္စည်းများအတွက်သာ) |
| ၆၄ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံးအထွေထွေပစ္စည်းများ။ (ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် ပစ္စည်းများအတွက်သာ) |
| ၆၅ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုး (ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ )။ |
| ၆၆ | ဆေးဝါးကုန်ကြမ်းများ။ |
| ၆၇ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲ စာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၆၈ | ခဲတံလုပ်ရန်ခဲဆံ။ |
| ၆၉ | ကွန်ဒုံး(Condom)။ |
| ၇၀ | နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၁ | နယ်ဖက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၂ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၃ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၄ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့်ပစ္စည်းများ။ |
| ၇၅ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့်ကုန်စည်များ။ |
| ၇၆ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန်ဝယ်ယူသည့် ကုန်စည်များ။ |
| ၇၇ | လက်ခစား အပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၇၈ | စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၇၉ | ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့် ငွေ သို့မဟုတ် ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသော ကုန်စည်များ။ |
| ၈၀ | ပြည်ပသို့ ပျံသန်းသည့် ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၁ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြား ကုန်စည် တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ဃ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှု ဆောင်ရွက်ခြင်း။

(င) ပုဒ်မခွဲ(က)ပါ ကုန်စည်များအနက် အောက်ပါကုန်စည်များကို ပြည်ပမှ တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ယင်းကုန်စည်ကို တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်မရှိစေရ။ အလားတူ အဆိုပါကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူထံမှ ဝယ်ယူ၍ ကုန်သွယ်မှု ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်မရှိစေရ။ သို့ရာတွင် ယင်းကုန်စည်တစ်မျိုးမျိုးကို ဆက်လက်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်-

( ၁) စီးကရက်၊
( ၂) ဆေးရွက်ကြီး၊
( ၃) ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊
( ၄) ဆေးပေါ့လိပ်၊
( ၅) ဆေးပြင်းလိပ်၊
( ၆) ဆေးတံသောက်ဆေးများ၊
( ၇) ကွမ်းစားဆေးအမျိုးမျိုး၊
( ၈) အရက်အမျိုးမျိုး၊
( ၉) ဘီယာအမျိုးမျိုး၊
(၁၀) ဝိုင်အမျိုးမျိုး။

(စ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | စီးပွားရေးလုပ်ငန်းအဖြစ် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းမှအပဖြစ်သည့် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | ကုန်စည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ (မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ စက်ယန္တရားများဖြင့် သယ်ပို့ပေးခြင်း) |
| ၈ | အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၃ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | မြန်မာ့ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင် အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အများသုံးသန့်စင်ခန်း အသုံးပြုခ ကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | ပြည်ပလေကြောင်း ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ယဉ်ကျေးမှု အနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အများပြည်သူ ခရီးသည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော)။ |
| ၂၃ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၂၄ | ကာကွယ်ရေး ဝန်ကြီးဌာန၏ လုံခြုံရေးနှင့် ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း၊ |
| ၂၅ | နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများကရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့် ငွေ သို့မဟုတ် ထောက်ပံ့သည့်ငွေဖြင့် ရယူသည့်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၇ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ) |

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

(ဆ) ပုဒ်မခွဲ(စ)ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဇ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ် ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံ ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကို ခံစားခွင့်ရှိစေရမည်။

၁၂။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်းကျပ် သိန်း ၂၀၀ တိတိ၊

(ခ) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

(ဂ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်းကျပ်သိန်း ၂၀၀ တိတိ။

၁၃။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည် တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်းတွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၄။ အောက်ပါကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်း ရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန် ရာခိုင်နှုန်း |
|---|---|---|
| (က) | ရေနံစိမ်း။ | ၅ |
| (ခ) | သဘာဝဓာတ်ငွေ့။ | ၈ |
| (ဂ) | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။ | ၅၀ |
| (ဃ) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၅ |
| (င) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့်လက်ဝတ်ရတနာများ။ | ၅ |
| (စ) | လျှပ်စစ်ဓာတ်အား။ | ၈ |

၁၅။ ဤဥပဒေပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၆။ အထက်ပုဒ်မ ၁၄ ပါ ကုန်စည်များမှတစ်ပါး အခြားကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

၁၇။ စွမ်းအင်ဝန်ကြီးဌာနမှ ဂျက်လေယာဉ်ဆီများ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပမှတင်သွင်းခြင်းနှင့် ရောင်းချခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းသာ ကျသင့်စေရမည်။

၁၈။ ဤဥပဒေ၏ အခန်း(၅)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၆)**

**ဝင်ငွေခွန်**

၁၉။ (က) မည်သူ့ကိုမဆို လစာ၊ အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှဝင်ငွေဖြစ်လျှင် စုစုပေါင်း ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (၁) | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| (၂) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| (၃) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (၄) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (၅) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (၆) | ၃၀၀၀၀၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ခ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှ ရရှိသော စုစုပေါင်း ငှားရမ်းခရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(ဂ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူ တစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၂။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ၊ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ်-

(က) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေဖြစ်ပါက ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့် ဝင်ငွေမှ ဝင်ငွေရလမ်း တင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင် လည်းကောင်း၊ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့်ဝင်ငွေအပေါ်တွင် လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့် လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|---|
| (က) | ၁ | - | ၁၀၀၀၀၀၀၀၀ | ၃% |
| (ခ) | ၁၀၀၀၀၀၀၀၁ | - | ၅၀၀၀၀၀၀၀၀ | ၅% |
| (ဂ) | ၅၀၀၀၀၀၀၀၁ | - | ၁၀၀၀၀၀၀၀၀၀ | ၁၀% |
| (ဃ) | ၁၀၀၀၀၀၀၀၀၁ | - | ၁၅၀၀၀၀၀၀၀၀ | ၂၀% |
| (င) | ၁၅၀၀၀၀၀၀၀၁ နှင့်အထက် | | | ၃၀% |

၂၅။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့်-

(က) အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉ ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) အခြေခံသမဝါယမ အသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင် အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၆။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်း အသားတင် အမြတ်ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များ မနုတ်မီ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| မြတ်စွန်းငွေ | ပေးဆောင်ရမည့် ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ် သန်းပေါင်း(၁၀၀၀၀၀)အထိ | ၄၀% |
| (၂) ညီမျှကျပ် သန်းပေါင်း(၁၀၀၀၀၁)မှ (၁၅၀၀၀၀)အထိ | ၄၅% |
| (၃) ညီမျှကျပ် သန်းပေါင်း(၁၅၀၀၀၁)နှင့်အထက် | ၅၀% |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သောကုမ္ပဏီမှတစ်ပါး အခြားပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်အတွင်းဝင်ငွေ ကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)နှင့် (၂)တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၃၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)တွင် အတူနေမိဘအတွက် ခွင့်ပြုငွေကို ဖြည့်စွက်လျက် အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂)ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၃၂။ အခြေပစ္စည်းမှမြတ်စွန်းငွေ ခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့်ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန် စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီတွက်ချက်၍ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် လည်းကောင်း ဝင်ငွေခွန် ပေးဆောင်ရမည်။

၃၃။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ ဥပဒေ အရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်း ဖြစ်စေရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(ခ) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ် ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(ဂ) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(ဃ) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှဝင်ငွေ၊

(င) နိုင်ငံ့ဝန်ထမ်းအငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်နှင့် ကရုဏာကြေး၊

(စ) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ။

၃၄။ ဤဥပဒေ အခန်း (၆)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း(၇)**

**အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ**

၃၅။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊

(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) မုတ်ကောင် ဝတ်ဆံသွင်းအခွန်၊

(ဆ) အကောက်ခွန်၊

(ဇ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

(ဈ) ရေခွန်၊
(ည) တာတမံခွန်၊
(ဋ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊
(ဌ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊
(စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)
(ဍ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊
(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊
(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊
(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊
(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ။

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်း လုပ်ငန်းတို့သည်-

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင် ဤဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၁၄ တို့ပါ အခွန်နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန် ထမ်းဆောင်ရမည်။
( ခ ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။
( ဂ ) ဝင်ငွေနှစ်အတွင်း ရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

**အခန်း(၈)**

**အထွေထွေ**

၃၇။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်းထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်း တိုးတက်လာစေရန် လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးနှင့် အာဆီယံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာ ခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊
( ခ ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၉။ သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့် ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

---

## ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂,၄၈၅,၅၁၀.၀၅၆** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၄၀. ၃၁၁ |
| | ၂ | ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၂၂၉,၉၂၉. ၇၄၅ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၅,၀၀၀. ၀၀၀ |
| | ၄ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၁၀,၀၀၀. ၀၀၀ |
| | ၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၈၁,၄၇၀. ၀၀၀ |
| | ၆ | ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၃၇,၇၁၀. ၀၀၀ |
| | ၇ | သတ္တုတွင်းဝန်ကြီးဌာန | မှတ်ကောင် ဝတ်ဆံသွင်းအခွန် | ၄၆၀. ၀၀၀ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂,၃၇၀,၄၃၄.၆၄၅** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂,၃၇၀, ၄၃၄. ၆၄၅ |
| ၃ | | | **အကောက်ခွန်** | **၄၇၅,၀၀၀.၀၀၀** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်။ | ၄၇၅, ၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၈၇,၃၈၄.၃၃၆** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၁. ၄၈၅ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၁၃. ၇၂၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်သစ်တောခွန်၊ | ၂,၈၈၆. ၂၆၅ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်း တွင်းထွက်နှင့်အလှဆင်ကျောက်များမပါ) | ၃. ၈၅၅ |
| | ၆ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၁,၃၀၃. ၈၀၀ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၇၁၀, ၆၁၃. ၇၁၄ |
| | ၈ | သတ္တုတွင်းဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်ရတနာခွန်၊ | ၁၉, ၅၄၀. ၀၀၀ |
| | ၉ | ဆက်သွယ်ရေးနှင့်သတင်း အချက်အလက် နည်းပညာ ဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၁၄၂, ၅၉၅. ၁၄၉ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအား အရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၁၀, ၄၂၆. ၃၂၀ |
| | | | **စုစုပေါင်း** | **၆,၂၁၈,၃၂၉.၀၃၇** |

---

## တောဆင်ရိုင်း အန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**မကွေး ဒီဇင်ဘာ ၂၂**

မိုးရာသီကုန်ဆုံးသည့်အခါ တောထဲ၌ တောဆင်ရိုင်းများ အစာရေစာရှားပါးလာပြီး သီးနှံခင်းများအတွင်း လှည့်လည်သွားလာတတ်ရာ အဆိုပါ သီးနှံခင်းများမပျက်စီးရေး၊ အဆောက်အအုံများ မထိခိုက်စေရေးရည်ရွယ်၍ တောဆင်ရိုင်းများဝင်ထွက်သွားလာနိုင်သည့် မကွေးခရိုင်အတွင်းရှိ မြို့သစ်မြို့နယ်နှင့်နတ်မောက်မြို့နယ်များသည် တောဆင်ရိုင်းများ ကျက်စားနေထိုင်ရာနှင့်နီးသဖြင့် ဖြတ်သန်းသွားလာသောသူများ ဆင်အန္တရာယ်မဖြစ်ပေါ်စေရန် စီမံချက်ကို မြို့နယ်သစ်တောဦးစီးမှူးများပူးပေါင်း၍ ဒီဇင်ဘာလပိုင်းမှ မေလကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောဆင်ရိုင်းကာကွယ်ရေးနှင့် ဆင်မုဆိုးဖော်ထုတ်ဖမ်းဆီးရေးကို သက်ဆိုင်ရာကျေးရွာများသို့လှည့်လည်ပြီး ပညာပေးဟောပြောပွဲ ဆောင်ရွက်ခြင်း၊ ဆင်အန္တရာယ်သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ကြော်ငြာပြားများ ချိတ်ဆွဲခြင်း၊ တောဆင်ရိုင်းများ ရုတ်တရက်ဝင်ရောက်လာပါက သတိပေးတုံးခေါက်ခြင်းများ ပြုလုပ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း သိရသည်။

**ကျော်ဇေယျ**



**နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အထက(ကျည်တောင်ကန်)ကျောင်းမှ ကျောင်းသားကျောင်းသူများကို ပုဗ္ဗသီရိမြို့နယ် လဝကဦးစီးဌာနမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒီဇင်ဘာလ ဒုတိယပတ်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့စဉ်။**

ကိုကိုရှူပ( နေပြည်တော်)

## ဖဒိုမြို့ ကက်သလစ်သာသနာမှ ခရစ္စမတ်အကြို ဘာသာပေါင်းစုံမိတ်ဆုံစားပွဲ ကျင်းပ

**ဖဒို ဒီဇင်ဘာ ၂၂**

ကျောက်တံခါးမြို့နယ် ဖဒိုမြို့ ကက်သလစ်ဘုရားကျောင်းဝင်းအတွင်း ဘာသာပေါင်းစုံ ခရစ္စမတ်အကြိုမိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ ဖဒိုမြို့ပေါ်မှ ခရစ်ယာန်ဂိုဏ်းပေါင်းစုံဘာသာရေးခေါင်းဆောင်များ၊ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ခရစ္စမတ်ညစာစားပွဲအား ၁၉၉၀ ပြည့်နှစ်မှ စတင်ကျင်းပလာသည်မှာ ယခုနှစ်အထိ (၂၅) ကြိမ်ရှိပြီဖြစ်ပြီး မိဘမဲ့ကလေးများ ပြုစုစောင့်ရှောက်ရေး ဂေဟာတစ်ခုထူထောင်လျက် မူကြိုမှ တက္ကသိုလ်ဝင်တန်းအထိ ဘာသာပေါင်းစုံ လူငယ်ကျား/မ(၂၀) ကျော်ကိုလည်း တာဝန်ယူစောင့်ရှောက်လျက်ရှိကြောင်း ဦးစောမြင့်အေးနှင့် ဦးထွန်းမြင့်တို့က ကျောင်း၏ဆောင်ရွက်ချက်များကိုရှင်းပြကာ ကံစမ်းမဲများဖောက်ပေးပြီး ဧည့်ခံခဲ့ကြောင်း သိရသည်။

**သိန်းအေး**

## စံပြမိခင်နှင့် ကလေးပြိုင်ပွဲဆုချီးမြှင့်

**အိမ်မဲ ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စံပြမိခင်နှင့်ကလေးပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နေဇာဝင်းက မိခင်၊ ကလေးအသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းသည်။

ထို့နောက် ဆုရရှိသော စံပြမိခင်နှင့်ကလေးများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အာဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay 'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော " ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ခုနှစ်သံချို အရှေ့ကျုံးလမ်း

**ဆူးငှက်**

***ယခင်အပတ်မှအဆက်***

သုဓမ္မာဇရပ်တော်ကြီးတွင် ပထမပြန်စာပွဲသဘင်ကို နှစ်စဉ် နယုန်လဆန်း ၈ ရက်နေ့မှ ဝါဆိုလဆန်း ၈ ရက်နေ့အထိ တစ်လတိုင် ဝှဲချီးကျင်းပမြဲဖြစ်သည်။ ထိုအခါ မန္တလေး လေးပြင်လေးရပ်မှ စာပြန်ပွဲသဘင်သို့ ကြွရောက်ချီးမြှောက်ကြသော ရဟန်းပရိသတ်သည် မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား တောင်ဘက်မျက်နှာ၊ အနောက်ဘက်မျက်နှာ၊ စံကျောင်းတော် အရှေ့မျက်နှာ၊ တောင်မျက်နှာများရှိ သုဓမ္မာဇရပ်တန်း ၃၃ ဆောင်နှင့်အပြည့်အကျပ်ရှိနေ၏။ ထိုဇရပ်များနှင့် မလုံလောက်သောအခါ ယာယီတဲများပင် ထိုးပေးရသည်ဟုဆိုသည်။ ထိုအချိန်က သုဓမ္မာသာသနာပိုင်ဆရာတော်ကြီးသည် စံကျောင်းတိုက်တောင်ဘက်ရှိ သုဓမ္မာကျောင်းတော်တွင် သီတင်းသုံးတော်မူလေ့ရှိသည်။

ထို့ကြောင့် မန္တလေးတွင် သုဓမ္မာဇရပ်များနှင့် ပတ်သက်၍

- သုဓမ္မာကျောင်းတော်သည် သာသနာပိုင်ဆရာတော် ခေတ္တယာယီ သီတင်းသုံးရာကျောင်းတော်။
- သုဓမ္မာဇရပ်တော်ကြီးသည် ပထမပြန်စာပွဲသဘင်ကျင်းပရာ နေရာနှင့်
- သုဓမ္မာဇရပ်တန်းသည် စာပြန်ပွဲသို့ ကြွရောက်ချီးမြှောက်ကြသော ရဟန်း၊ ပရိသတ်တို့နားနေရာများ ဖြစ်သည်ဟု မှတ်သားရ၏။

သုဓမ္မာကျောင်းတော်လေးမှာ ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးခဲ့ရာ အောက်ခံစိန်တောင်များလောက်သာ ကြွင်းကျန်ရစ်သည်။ ထို့အတူ သုဓမ္မာဇရပ်တော်မှာလည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မီးလောင်ပျက်စီးခဲ့လေသည်။ မူလသုဓမ္မာဇရပ်တန်း ၃၃ ဆောင်မှာလည်း ယခုအခါ ၁၈ ဆောင်သာ အကောင်းပကတိ ကျန်ရှိနေတော့သည်။

မန္တလေးတောင်အစိမ်းနှင့် ကျောက်တော်ကြီးဘုရား ထုံးဖြူဖြူနောက်ခံတွင် ဟင်္သာပြဒါးရောင် အမိုးများနှင့် တညီတညာတည်းသော သုဓမ္မာဇရပ်တန်းက ကျုံးရေပြင်မှာ ပုံရိပ်ထင်နေသည့်မြင်ကွင်းကား မန္တလေး၏ တသသစွဲမက်ဖွယ်မြင်ကွင်းဖြစ်သည်။ ဘယ်သောအခါမှ မပျောက်ပျက်စေလိုသော မြင်ကွင်းလည်း ဖြစ်ချေသည်။

ထိုနေရာတစ်ဝိုက်ကို မန္တလေးသားတိုင်း စွဲမက်သတိရရှိနေသည့်နေ့များလည်း ရှိပါသေးသည်။ ထိုနေ့များကား နှစ်စဉ် သီတင်းကျွတ်လပြည့် ပတ်ဝန်းကျင် ရက်များပင်တည်း။ ကျောက်တော်ကြီး၊ ကုသိုလ်တော်နှင့် စန္ဒာမုနိဘုရားပွဲတော်ရက်များပင် ဖြစ်ပါသည်။

အရှေ့ကျုံးလမ်း စတင်ရာ မန္တလေးတောင်ခြေက လမ်းပေါ်မှာ ယာယီဈေးတန်းများ ထိုးထားသည်။ ဘုရားသုံးဆူကြားမှာ ဈေးတန်းတွေက အသွယ်သွယ်. . .။ ထိုဈေးတန်းများတွင် မုန့်ခေါင်းအုံး၊ ကရေကရာ စသော မြန်မာ့ရိုးရာမုန့်စုံများ ရောင်းချဈေးတန်းကြီးများ၊ သင်ဖြူးဖျာ၊ တောင်းနှင့် ရိုးရာလူသုံးကုန်ပစ္စည်းရောင်းချရာဆိုင်တန်းကြီးများ သီချင်းသံတညံညံ ဈေးဝယ်သူအုတ်အုတ်ကျက်ကျက်ဖြင့် စည်ကားကျပ်ညပ်နေတတ်သည်။ မုန့်လင်မယား ၊ ချွဲတာရေးမုန့်၊ မုန့်သိုင်းခြုံသည်များဆီမှ မုန့်ကြော်နံ့များကလည်း ပွဲခင်းအနှံ့သင်းပျံ့နေတော့၏။ ကျောက်တော်ကြီး တောင်ဘက်မုခ်၊ ကုသိုလ်တော် အနောက်မုခ်နှင့် စန္ဒာမုနိအရှေ့မုခ်ရှိ ဇာတ်ရုံကြီးများ ရှေ့ တွင် စပယ်ပန်းနံ့၊ ဇွန်ပန်းနံ့တွေ ဝေနေတော့သည်။ ငါးဆင့်ကြွေချိုင့်၊ ကတ္တီပါနားကွပ် သင်ဖြူးဖျာ၊ မှီအုံး၊ခေါင်းအုံးအစုံဖြင့် ပွဲကြိုက်သူ မန္တလေးသူကြီးတွေက ဇာတ်ရုံနောက်ဖေးပေါက်မှ မင်းသားထံဆီသို့ ပန်းကုံးပေးဟန်ပြင်နေကြ၏။

မင်္ဂလာသိမ်တော်ကန်တွင်းတွင် ကရဝိက်ဖောင်တော်သည် မီးရောင်စုံထွန်းညှိကာ ရေခင်းသံဗုံတောင်ခေါက်လျက် လှည့်လည်နေ၏။ ကုသိုလ်တော်တောင်ဘက်စောင်းတန်းတွင် မြို့သာကုန်းသူတွေ ဆွမ်းချက်ရန်ပြင်ဆင်နေကြသည်။ တံတိုင်းတောင်ဘက်က သစ်သားဇရပ်ကြီးမှာတော့ နန်းဦးလွင်ရွာက ကြက်တူရွေးနှုတ်သီး၊ ဆီးဖြူသီးနှင့်ငါးပိကြော်ကို ရေနွေးကြမ်းနှင့် ဧည့်ခံနေသည်။

မျက်နှာချင်းဆိုင် လှည်းဝိုင်းတွင် ကာလသားတစ်ယောက်ကမျက်နှာချေမိုးပွင့်ပွတ်ရင်း မနေ့ညက ကြည့်ခဲ့ရသည့် ရွှေဘိုတင်မောင်ရုပ်သေးထဲက သစ္စာတိုင်တစ်ပုဒ်ကို တိုးတိုးဆိုညည်းနေ၏။

"...ဝဇီပရမာ ရည်ဆရာ၊ ကြည်လှအသဝါ ကတိုးမြ ကလေးကိုလ သည်ဘဝမှာ တည်မကျတာ သည်မျှကသာ အကျိုးကပေးတာမို့ အစိုးရ မသေးနိုင်ဘု တစ်ပါးဆွေ မဟာငယ်လေး . . ." ဟူ၍ ။

စန္ဒာမုနိဘုရားပေါ်က အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ အုတ်ဂူပေါ်တွင် ဖယောင်းတိုင်မီးများ ပူဇော်ထားသည်။ စိန်တောင်ပတ်ပစ္စယာအဆင့်ဆင့်များပေါ်တွင် လပြည့်လရောင်က စိုစွတ်အေးမြနေစေ၏။ ထိုပစ္စယာပေါ် သမံတလင်းအေးအေးမှာထိုင်ရင်း ဘုရားပွဲလာသူတွေကို စေ့ငုသည်။



နန်းရှေ့သူလေးတွေကလည်း စန္ဒာမုနိပစ္စယာပေါ်မှာ လာထိုင်သူတွေမှန်သမျှ မလစ်လပ်ရအောင် ဆီးဖြူသီးနှင့်ငါးပိကြော်ဖြင့် ဧည့်ခံ၏။ မြောက်ပြင် ထားဝယ်ရပ် ကာလသားတစ်သိုက်က ပစ္စယာတနင်္ဂနွေထောင့်မှာ မယ်ဒလင်တစ်လက် တာပရာ ဗုံတစ်လုံးဖြင့် ပဉ္စသိခ်သီချင်းကို ဆိုတီးနေကြသည်။

စန္ဒာမုနိဘုရား အနောက်ဘက် သံစောင်းတန်းတွင် ဖယောင်းတိုင်မီးလေးတွေ မှိတ်တုတ်မှိတ်တုတ်ဖြင့် မှန်ဘီလူးမှ ချောင်းကြည့်ရသော ဓာတ်ပုံကားပြပွဲကို စည်းဝါးအဆိုဖြင့် ပြသနေသည်။

"ရွှေတိဂုံ ရွှေတိဂုံ ဘုရားမှာလ
ကျားတက်တာ ငါးရက်ကြာသဗျ. . .
ကျားတက်တာ ငါးရက်ကြာသဗျ. . ."တဲ့။

စန္ဒာမုနိဘုရား အနောက်ဘက်မုခ်မှသည် ကျောက်လမ်းအစအထိက အကြော် ဆိုင်တန်းကြီးဖြစ်သည်။ ဘူးသီးကြော်၊ ဘယာကြော်၊ ပဲခြမ်းကြော်များနှင့်အတူ ဆီထမင်းလည်းရနိုင်၏။ အကြော်ကို မန်ကျည်းမှည့် အချဉ်ရေနှင့် တို့ကာစားရ၏။

ကျောက်တော်ကြီးဘုရားပွဲခင်းကြီးကားသိမ့်သိမ့်လှုပ်။ မန္တလေး လေးပြင်ရပ်က စက်ဘီး၊ မြင်းလှည်း၊ ဘတ်စ်ကားများနှင့် လာကြသည်။ ပုသိမ်ကြီး၊ မတ္တရာ နယ်ဘက်ဆီက လှည်းများနှင့်လာကြသည်။ လှည်းများသည် ပွဲအစအဆုံးနေကြသဖြင့် ဧရာမလှည်းဝိုင်းတွေ ကုသိုလ်တော်အနောက်မုခ်မှာ၊ အရှေ့မုခ်၊ တောင်မုခ်မှာ ရှိနေသည်။

မန္တလေးသားတွေက ကျောက်တော်ကြီးဘုရားပွဲကို အမြဲသတိရနေတာ အစဉ်အဆက်ဖြစ်သည်။ ဦးလေးတွေက အစ်ကိုတွေကို ကျောက်တော်ကြီးပွဲခေါ်သွားသည်။ အစ်ကိုတွေက ကျွန်တော်တို့ကို စန္ဒာမုနိပစ္စယာတွေဆီ လိုက်ပါစေသည်။ ဤသို့ဖြင့် ကျွန်တော်တို့လည်း ဝါဝင်ကတည်းက ကျောက်တော်ကြီးပွဲကို မျှော်လင့်နေမိတော့သည်။

ကျွန်တော်သည် ဦးလေးတွေ၊ အစ်ကိုတွေအမွေကို နှစ်အတန်ကြာ မဆက်ခံနိုင်ဘဲ ရှိနေခဲ့၏။ အိမ်ထောင်ရက်သားကျပြီး သားလေးတွေမွေးလာတော့ လမ်းလျှောက်တတ်ခါစ သားနှင့်အတူ ကျောက်တော်ကြီးဘုရားပွဲဆီ ခြေဦးလှည့်မိသည်။ နန်းရှေ့လမ်းကျော်ကတည်းက အရှေ့ကျုံးလမ်းမှာ ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ ကျပ်ညပ်။ မြင်းလှည်းကတော့ တစ်စီးတလေမှ မရှိတော့။ နန်းရှေ့ပြည်တော်သာကျော်ကတည်းက ရန်ပုံငွေ စက်ဘီးအပ်ဆိုင်တွေက အသံချဲ့စက်ဖြင့် တကျော်ကျော်အော်ကာ စက်ဘီးအပ်လက်ခံကြသည်။

ပွဲဈေးတန်းမှာ မုန့်သိုင်းခြုံသည်၊ မုန့်လင်မယားသည်များနှင့်အတူ မုန့်ခေါင်းအုံး၊ ကရေကရာသည်များလည်း ရှိပါသေးရဲ့။ ဖျာသည်၊ တောင်းသည်၊ သံထည်၊ ကြေးထည်များလည်း ရှိပါရဲ့. . .။ အတော်များများဆိုင်တွေက လေဘေးအထည်များ ဟစ်အော်ရောင်းချနေကြသည်။ သီတင်းကျွတ်လပြည့်ဆိုတော့ မကြာမီ ဆောင်းဝင်တော့မှာမို့ ဆောင်းထည်များကို အပုံလိုက်ရောင်းချနေကြသည်။ လူတွေကလည်း အလုအယက်တိုးဝယ်နေကြသည်။

အပြင်အဆင်ကောင်းကောင်းနှင့် စားသောက်ဆိုင်ကြီးတွေ ရှမ်းခေါက်ဆွဲ၊ ဆန်ပြား၊ တိုဟူးပျော့၊ နံကင်၊ အခေါက်ကင်တို့နှင့်အတူ ဘီယာကြော်ငြာ တံဆိပ်များ ဝေဆာမြူးကြွ. . . .။

နောက်နှစ်တွေ. . . နောက်နှစ်တွေရောက်ပြန်တော့ အစွန်ဆုံး သုဓမ္မာဇရပ်မှာ ယူနန်အသားကင်ဆိုင်၏ ဘူးသီးငါးပေါင်း ဆိုင်းဘုတ်က ကျွန်းသားပန်းပု တံစက်မြိတ်မှာ ချိတ်ဆွဲထား၏။ ယိုးဒယားရေခဲမုန့်သည်က သူ့ရော်ဘာဟွန်းကို နှိပ်ကာ တဘော်ဘော်အသံပေးနေသည်။

ည ၁၀ နာရီထိုးသော်လည်း ခြောက်ကပ်ကပ်ဇာတ်ရုံထဲမှာ ဘော့စ်ဂစ်တာက တဒီဒီအသံညှိနေဆဲဖြစ်သည်။ ကုသိုလ်တော် အနောက်မုခ်ပန်းခြံထဲမှာတော့ ပေါင်းမိုးတပ် ထော်လာဂျီတွေက ဘက်ထရီမီးလုံးမှိန်မှိန်အောက်မှာ ဂျေဂျေနှင့်အတူ ရှိနေကြ၏။ ထိုနေရာမှာသာမဟုတ်။ နေရာတိုင်းမှာ ဂျေဂျေရှိနေပါလိမ့်မည်။

အခုတော့ ကျောက်တော်ကြီးဘုရားပွဲခင်းဆီ မရောက်တာ သုံးနှစ်လောက်ရှိရောပေ့။ သားတွေက အရွယ်ကြီးလာတော့ အရင်ကလို တုတ်ထိုးရုပ်သေးကြည့်ချင်မှာမဟုတ်တော့။ အာဇာနည်စန်းစန်းဆပ်ကပ် ကြည့်ချင်မှာမဟုတ်တော့။

အရှေ့ကျုံးတန်း၏အစနှင့် မန္တလေးတောင်ခြေအကြောင်း ပြောလျှင် အမှတ်(၄)၊ အမှတ်(၅) ကျားခေါင်းတံဆိပ်၊ ဘတ်စ်ကားနီကြီးတွေ အကြောင်းမပါလျှင် မပြည့်စုံတော့. . . .။ အခုလို မှတ်ရခက်သည့် နာမည်တွေနှင့် ဟိုင်းလပ်ကားလေးလိုင်းတွေ မပေါ်ခင်တုန်းက မန္တလေး၏ မြို့တွင်းပြေးဘတ်စ်ကားတွေက ထွေထွေထူးထူးမများလှ. . .။

ကားပြာလိုင်းဟု ခေါ်တော့ အမှတ် ၁၊ ၂၊ ၃ လိုင်းရှိသည်။ သူက အောင်တော်မူ၊ ဈေးချို၊ ဘုရားကြီး၊ တံခွန်တိုင်၊ စိန်ပန်း၊ တက္ကသိုလ်ဖြစ်သည်။

အမှတ် ၄၊ ၅ က ကားနီဟု လူသိများသည်။ ကျားခေါင်းတံဆိပ်ဖြစ်၏။ သူက ဈေးချို၊ မန္တလေးတောင်၊ ပုသိမ်ကြီး၊ နန်းရှေ့ ဆွဲသည်။

အမှတ်(၇) ကိုတော့ ကားဝါလိုင်း ခေါ်ကြ၏။ ကားဝါက စိန်ပန်း-အိုးဘို၊ ရွှေကျင်ဂိတ်ဆုံး. . .။

အရောင်နှင့် ခေါ်ကြသည့် ကားသင်းကလည်း သုံးသင်းပဲ ရှိပါသည်။ အမှတ်(၆)က ဘုရားကြီးကျောက်သပိတ်၊ အမှတ်(၈)က ဈေးချိုတောင်မြို့၊ အမှတ်(၉)က မတ္တရာ၊ အမှတ်(၁၀)က မြစ်စက်ဗာကင်၊ အမှတ်(၁၁)က ကျောက်ချော. . .။

အခုတော့ နံပါတ်နှင့် ထိုလိုင်းများပင် လိုင်းခွဲတွေက အမျိုးမျိုး။ ထို့ပြင် နာမည်များနှင့် ကားလေးသင်းတွေကလည်း ပွစာတက်. . .။ နဂိုကတည်းက ဘတ်စ်ကားနှင့်ဝေးကာ စက်ဘီးအားကိုးခဲ့သည့် ကျွန်တော်တို့မှာ ဧည့်သည်မေး၍ ဘယ်ဘတ်စ်ကားစီးရမလဲဆိုလျှင် မဖြေတတ်တော့. . .။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# အာဆီယံ ယာဉ်+ကုန်တန်ချိန် သတ်မှတ်နှုန်း ယာယီဖြေလျှော့မှုကို သက်တမ်းထပ်တိုး/မတိုး ကုန်ကားပိုင်ရှင်များ သိရှိလို

**ရန်ကုန် ဒီဇင်ဘာ ၂၂**

အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို ဒီဇင်ဘာလကုန်ပိုင်းတွင် အကောင်အထည်ဖော်မည်ဖြစ်ရာ ပြည်တွင်း ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် ယာယီဖြေလျှော့ထားပေးသော အာဆီယံ ယာဉ်+ကုန်တန်ချိန် စံချိန်စံညွှန်းသတ်မှတ်မှုနှင့်ပတ်သက်၍ သက်တမ်းတိုးပေးရန် ရှိနိုင်/မရှိနိုင်ကို အဝေးပြေးကုန်ကားလုပ်ငန်းရှင်များက သိရှိလိုနေကြသည်။

ယခုအခါ AEC စတင်မည့် ဒီဇင်ဘာလကုန်ပိုင်းရောက်ရှိရန် ရက်ပိုင်းမျှသာ လိုတော့ချိန်တွင် သက်ဆိုင်ရာအနေဖြင့် သက်တမ်းတိုးပေးထားသော ကာလကုန်ဆုံးတော့မည့် ယာယီဖြေလျှော့မှုကို ဆက်လက်၍ သက်တမ်းတိုးမြှင့်ပေးခြင်း ပြု/မပြု ထုတ်ပြန်ခြင်း မရှိသေးသဖြင့် အဝေးပြေးကုန်ကားလုပ်ငန်းပိုင်သူများအနေဖြင့် သိရှိလိုကြပြီး ထုတ်ပြန်ချက်အပေါ်မူတည်၍ ကုန်ကားပြေးဆွဲခြင်းအစား လုပ်ငန်းပြင်ဆင်ပြောင်းလဲခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း ကုန်တင်ကားပိုင်ရှင်တစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ယာယီဖြေလျှော့မှုမှာ အကျုံးဝင်နေသေးသဖြင့် ကုန်ပိုမိုတင်ဆောင်နိုင်သောကြောင့် ကုန်တင်ယာဉ်များမှာ အကျိုးအမြတ်ရကြောင်း၊ ယာဉ်တန်ဖိုးအကြမ်းဖျင်း ကျပ်သိန်းတစ်ရာဝန်းကျင် ဝယ်ယူရင်းနှီးပြီး ရန်ကုန်-ပုသိမ် ၁၁၃ မိုင် ခရီးကို ပြေးဆွဲပါက တစ်လလျှင် ပျမ်းမျှအသွားအပြန် ၁၂ ခေါက် ပြေးဆွဲနိုင်ပြီး အကျိုးအမြတ် တစ်လကျပ်ခြောက်သိန်းခန့် ရနိုင်ကြောင်း ပုသိမ်-ရန်ကုန် ကုန်တင်ယာဉ်ငယ် ပိုင်ရှင်တစ်ဦးကပြောသည်။

AEC စတင်ချိန်တွင် အဆင်သင့်ဖြစ်လာစေရန်အတွက် ပြည်တွင်း ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား အာဆီယံ ယာဉ်+ကုန်တန်ချိန် စံချိန်စံညွှန်း သတ်မှတ်ချက်ကို သက်ဆိုင်ရာက ၂၀၁၁ ခုနှစ် နှစ်လယ်ပိုင်းက ကြိုတင်ထုတ်ပြန်ပေးခဲ့သည်။ ထို့နောက် စံချိန်စံညွှန်း သတ်မှတ်ချက်ကို စတင်ကျင့်သုံးပြီး ပြည်တွင်း ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေစေရန် ယာယီဖြေလျှော့မှုများကို ၂၀၁၂ ခုနှစ်က ပြုလုပ်ပေးခဲ့သည်။

၂၀၁၂ နိုဝင်ဘာ ၂၆ ရက်နေ့စွဲပါ သက်ဆိုင်ရာ ဝန်ကြီးဌာန၏စာအရ ယာဉ်အမျိုးအစားအချို့အတွက် ယာယီဖြေလျှော့မှုများ ရရှိခဲ့ပြီး အာဆီယံ စံချိန်စံညွှန်း သတ်မှတ်ချက်ထက် ကုန်တန်ချိန်အနည်းငယ် ပိုမိုတင်ဆောင်ခွင့်ရရှိခဲ့သည်။ ယင်းဖြေလျှော့မှုကို ၂၀၁၅ ခုနှစ်တွင် ထပ်မံသက်တမ်းတိုးပေးသဖြင့် အဝေးပြေး ကုန်ကားလုပ်ငန်းရှင်များအနေဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ယခုရက်ပိုင်းအထိ ယာယီဖြေလျှော့မှုကို အကျုံးဝင်ခံစားရနေဆဲဖြစ်ကြောင်း ဘုရင့်နောင်ပွဲရုံမှ အဝေးပြေးကုန်ကားပိုင်ရှင် ဦးလှဦးက ပြောသည်။

၂၀၁၂ ခုနှစ် ဖြေလျှော့မှုကို သက်တမ်းတိုးပေးထားချက်အရ ဝင်ရိုးသုံးခုပါ ၁၀ ဘီး၊ ဝင်ရိုးလေးခုပါ ၁၂ ဘီး ကုန်ကားများသည် အာဆီယံစံနှုန်းသတ်မှတ်ချက်ထက် နှစ်တန်စီ တိုးမြှင့်သယ်ဆောင်ခွင့်ရရှိထားပြီး အခြားသော ကုန်တင်ယာဉ်အမျိုးအစားအချို့လည်း ဖြေလျှော့မှုရရှိထားကြောင်း၊ လမ်းတစ်လျှောက်ရှိ လမ်း၊တံတား အသုံးပြုခ ကောက်ခံရေးစခန်းများတွင် အလေးချိန် ချိန်တွယ်ရာတွင် ကတ္တားလွဲမှုများရှိနိုင်သဖြင့် ဝ ဒသမ ၉ တန်ကို ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

ဖြေလျှော့မှုအကျုံးဝင်ဆဲဖြစ်သော လက်ရှိအချိန်တွင်ပင် ယာဉ်ပိုင်ရှင်များအနေဖြင့် အဆိုပါ ကင်းလွတ်ခွင့် ဝ ဒသမ ၉ တန်ကို ကုန်တင်ဆောင်ခြင်းဖြင့် ဝင်ငွေရှာကြကြောင်း၊ ကုန်တင်ယာဉ်များက တိုးဂိတ်များတွင် ကတ္တားချိန်သည့်အခါတွင် ကုန်အချို့ကို ယင်းကတ္တားစခန်းဝန်းကျင်တွင်ချကာ ခေါက်တိုယာဉ်ငယ်များဖြင့် ပြောင်းရွှေ့ သယ်ယူခြင်းများ ပြုလုပ်ကြသည်ကို တွေ့ရကြောင်း၊ လှိုင်သာယာတိုးဂိတ်တွင် တန်ပိုဒဏ်ကြေး ကျပ်တစ်သောင်းဝန်းကျင်ရှိသော ယာဉ်အမျိုးအစားများပေါ်မူ တန်ပိုသည်ဟုယူဆရသော ကုန်ပစ္စည်းများကို ခေါက်တိုသယ်ခသည် ကျပ်ရှစ်ထောင်ကျပ်နှုန်းရှိကြောင်း ရန်ကုန်-ပုသိမ် ကုန်သယ်ပို့နေသည့် ၁၂ ပေ ကုန်ကား ယာဉ်မောင်းတစ်ဦးက အတွေ့အကြုံကို ပြောပြသည်။ **ခင်ဆိုင်**

## သတင်းတိုများ

### မိုးစပါးစံကွက်ရိတ်သိမ်းပွဲပြုလုပ်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင် ကွင်းအမှတ်(၁၁၂၂)ရှိ ဆင်းသုခမိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့ရာ တစ်ဧက စပါးအစို ၁၂၁ ဒသမ ၀၉ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးရန်နိုင်ဝင်းနှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဌေးဌေးအေးတို့ လာရောက်ကြည့်ရှုခဲ့ပြီး တောင်သူများအား စပါးစိုက်ပျိုးရာတွင် မြေမှန်၊ မျိုးမှန်၊ ရေမှန်ရရှိစိုက်ပျိုးနိုင်ရေး၊ စပါးစိုက်ပျိုးချိန်တွင် တောင်သူများ အပိုဝင်ငွေရရှိရေးအတွက် လယ်ကန်သင်းများတွင် ပဲကြီးစိုက်ပျိုးခြင်းနှင့် မိုးစပါးရိတ်သိမ်းပြီးနောက် ဆောင်းသီးနှံကုလားပဲကို လယ်မြေတွင် စူးထိုးစိုက်ပျိုးခြင်းနှင့် မြေပြင်စနစ် ဆောင်ရွက်ခြင်းများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။ ဆင်းသုခစပါးသည် ဆိပ်ဖြူမြို့နယ်၏ အထွက်နှုန်းကောင်းသော စပါးမျိုးဖြစ်ပြီး ဈေးကွက်တွင်လည်း ဈေးကောင်းရရှိသော စပါးမျိုးဖြစ်ကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။ **စိုးလင်းနိုင် (ပြန်/ဆက်)**

### ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သော ကျေးရွာမီးလင်းရေးလုပ်ငန်းဖွင့်လှစ်

ရေဦးမြို့နယ် ကုန်းသာကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သော မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့ပြီး ရေဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာဝင်းနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာန လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအောင်သူသူမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ကုန်းသာကျေးရွာတွင် အိမ်ခြေ ၂၈၀ ရှိပြီး လျှပ်စစ်မီတာ လျှောက်ထားသည့် အိမ်ခြေ ၁၁၅ လုံးရှိကာ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးနှင့် လမ်းမီးလင်းရေးအတွက် ၁၀၀ ကေဗွီနှင့် ၂၀၀ ကေဗွီ ထရန်စဖော်မာသစ် နှစ်လုံးကို တစ်အိမ်လျှင် ငွေကျပ်ခြောက်သိန်း အကုန်ကျခံတပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက် (ရေဦး)**



## ဝေဠုကျော်ဖောင်ဒေးရှင်းက စာသင်ကျောင်းများသို့ သင်ထောက်ကူပစ္စည်းများလှူ

**သရက် ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း ရေကြီးရေလျှံမှု ကြုံတွေ့ခဲ့ရသည့် ကျေးရွာများမှ မူလတန်းကျောင်းများသို့ သင်ထောက်ကူပစ္စည်းများကို ရန်ကုန်မြို့ ဝေဠုကျော်ဖောင်ဒေးရှင်း လူမှုကူညီကယ်ဆယ်ရေးအဖွဲ့က ဒီဇင်ဘာ ၂၀ ရက်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှု ကြုံတွေ့ခဲ့ရသော ရေပေါ်ကျွန်း၊ စမ်းအိုင့်နှင့် အုတ်ဖိုကျွန်းကျေးရွာများမှ မူလတန်းကျောင်းများသို့ ဗလာစာအုပ်၊ ကျောင်းဝတ်စုံများ၊ ခဲတံ၊ ခဲဖျက်၊ ဘောပင်၊ ပေတံ၊ ကျောပိုးအိတ်များနှင့် အာဟာရမုန့်များ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကျေးရွာဘုန်းတော်ကြီးကျောင်းများသို့လည်း သင်္ကန်းနှင့် သံဃာအသုံးအဆောင်များနှင့် သက်ကြီးဘိုးဘွားများကိုလည်း ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

## ကျွန်းလှမြို့နယ်အတွင်း ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်လျက်ရှိ

**ကျွန်းလှ ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ခြမ်းနှင့် အရှေ့ခြမ်းကျေးရွာများရှိ လယ်ယာမြေများတွင် စိုက်ပျိုးထားသော ဆောင်းမြေပဲစိုက်ခင်းများမှာ အောင်မြင်လျက်ရှိရာ ယခုနှစ် မြေပဲအထွက်နှုန်းကောင်းနိုင်ပြီး အကျိုးအမြတ်များနိုင်ကြောင်း တောင်သူများက မျှော်လင့်နေကြသည်။

ယခုနှစ်တွင် မိုးကောင်းခြင်း၊ နှင်းအားကောင်းခြင်းများကြောင့် မြေပဲစိုက်ခင်းများတွင် အပင်များမှာ အသီးအပွင့်များဖြင့် အောင်မြင်ဖြစ်ထွန်းနေပြီး သီးနှံအထွက်လည်း တိုးနိုင်ကြောင်း၊ ဆောင်းမြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ ပိုးသတ်ဆေးဖိုးများအပါအဝင် တစ်ဧကေ ကုန်ကျစရိတ် ကျပ် ၁၈၀၀၀၀ ခန့် ရှိကြောင်း၊ ယခုနှစ် သီးနှံအထွက်နှုန်းတိုးနိုင်သဖြင့် အကျိုးအမြတ်များနိုင်ကြောင်း မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။



အောင်မြင်ဖြစ်ထွန်းနေသော မြေပဲစိုက်ခင်းတစ်ခင်း။

သဖန်းဆိပ်ဆည် အနောက်ခြမ်းနှင့် အရှေ့ခြမ်းကျေးရွာများသည် မိုးကောင်းသောက်လယ်ယာများဖြစ်ပြီး စပါးနှင့် ယာသီးနှံဖြစ်သည့် နှမ်း၊ ပြောင်း၊ ပဲစင်းငုံ၊ ပဲအမျိုးမျိုးတို့ကို အဓိကထားစိုက်ပျိုးကာ မိုးမြေပဲ၊ ဆောင်းမြေပဲများကိုလည်း ရာသီအလိုက်စိုက်ပျိုးကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## လူမှောင်ခိုနှင့် လူကုန်ကူးမှုကာကွယ်ရေး အသိပညာပေး ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၂၂**

အမျိုးသမီးရော အမျိုးသားပါ လူကြီးလူငယ်မရွေး လူမှောင်ခိုနှင့် လူကုန်ကူးခံရမှုများ မဖြစ်ပေါ်စေရေးတို့အတွက် ကြိုတင်သိရှိကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မလွဲကုန်း မီးရထားရပ်ကွက် ဓမ္မာရုံတွင် ပြုလုပ်ရာ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၈၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးမြတ်ကိုထွေးက ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းပြပြောဆိုသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင်က လူမှောင်ခိုခြင်းနှင့် လူကုန်ကူးမှုမခံရရေးအတွက် သတိပြုရမည့်အချက်များ၊ ဖြစ်ပွားလာလျှင် အကူအညီတောင်းခြင်းနှင့် ကြိုတင်သတင်းပေးတိုင်ကြားခြင်းဖြင့် ပြည်သူများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အား အကူအညီပေးရန်တို့ကို လတ်တလော ဖြစ်ပွားနေသော ဖြစ်ရပ်မှန်များအား ဆလိုက်ပရိုဂျက်တာထိုးကာ အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေညိုက ငယ်ရွယ်သော အမျိုးသမီးများနှင့် ကလေးငယ်များ အထူးသတိထား ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းပြဟောပြောသွားခဲ့သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



## အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်း ဆရာ ဆရာမကြီးများအား ပူဇော်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်း(အင်းစိန်)၏ ဆရာကြီး ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးဟောင်းခန်းမ၌ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ၁၉၄၀-၁၉၄၁ ပညာသင်နှစ်ကျောင်းဆင်း အသက် ၉၉ နှစ်ရှိ ဆရာကြီးဦးကျင်ဖေ(သထုံ)ပေးပို့သော သဝဏ်လွှာကို ပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးက ဖတ်ကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကျောင်းသား ကျောင်းသူဟောင်း ၁၃၀ က ကန်တော့ခံဆရာကြီး ဆရာမကြီး ၂၃ ဦးအား အလှူငွေနှင့် ပစ္စည်းများဖြင့် ဂါရဝပြု ပူဇော်ကန်တော့ခဲ့ကြသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပဋိပက္ခလေ့လာဆန်းစစ်ခြင်းနှင့် ကြိုတင်တားဆီးရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်

**စစ်တွေ ဒီဇင်ဘာ ၂၂**

ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားမှုလျော့နည်းပြီး တည်ငြိမ်သော လူမှုပတ်ဝန်းကျင်ကောင်းတစ်ခု ပေါ်ပေါက်လာရေးအတွက် ပဋိပက္ခလေ့လာဆန်းစစ်ခြင်းနှင့် ကြိုတင်တားဆီးရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH)က ဒီဇင်ဘာ ၂၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

စစ်တွေမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်းသူရိယခန်းမ၌ ကျင်းပသော သင်တန်းဖွင့်ပွဲတွင် ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်က လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများအကြောင်း စနစ်တကျနားလည် သဘောပေါက်စေရန်၊ ဝေဖန်ဆန်းစစ်မှုဆိုင်ရာ နည်းစနစ်များနှင့် စွမ်းရည်များတိုးတက်၍ မိမိဌာန အဖွဲ့အစည်းအတွက် ပြန်လည်အသုံးချနိုင်စေရန်၊ ပဋိပက္ခကြိုတင်သတိပေးစနစ်အကြောင်း သိရှိစေရန်နှင့် တည်ငြိမ်သော လူမှုဝန်းကျင်ကောင်းတစ်ရပ် တည်ဆောက်ရေးအတွက် အကြံပြုချက်များ မျှဝေနိုင်ရန်ရည်ရွယ်၍ ပဋိပက္ခ လေ့လာဆန်းစစ်ခြင်းနှင့် ကြိုတင်တားဆီးရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ရခိုင်ပြည်နယ်နှင့်ပတ်သက်သော ရေးရာကိစ္စများသည် အလွန်နူးညံ့သိမ်မွေ့ပြီး ကိုင်တွယ်ရခက်ခဲကာ ပြည်နယ်တွင်းသာမက ပြည်နယ်ပြင်ပမှ ဖြစ်ပေါ်ပြောင်းလဲမှုများကိုပါ လေ့လာဆန်းစစ်ပြီး လုပ်ဆောင်ရခြင်းလည်း ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုအဆင့်မှာရော ပြည်နယ်အဆင့်မှာပါ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ထိတွေ့ပြီး ချိတ်ဆက်ဆောင်ရွက်သော နေရာများတွင် မိမိတို့အနေနှင့် ဘက်ပေါင်းစုံမှလေ့လာဆန်းစစ်ပြီး တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သော သင်တန်းမှ သင်တန်းသား အရာထမ်း၊ အမှုထမ်းများမှာ ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်ပြီး တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအပိုင်းများတွင် အတွေ့အကြုံရရှိပြီး ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါအတွေ့အကြုံများကို တခြားလုပ်ဖော်ကိုင်ဖက်များအား မျှဝေပေးနိုင်ခြင်း၊ အသိပညာဗဟုသုတများရရှိခြင်း၊ တက်ကြွစွာနှင့်အပြန်အလှန်ဆွေးနွေးခြင်းမှတစ်ဆင့် လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ထို့နောက် CDNHမှ အကြီးတန်းအစီအစဉ်မန်နေဂျာ ဦးထန်ကျင်ထောင်းက CDNH ၏ ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ သင်တန်းပေးခြင်း၊ သုတေသနစစ်တမ်းကောက်ယူခြင်းများနှင့် သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂညှိနှိုင်းရေးမှူးရုံးမှ ပြည်နယ်ဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အကြီးတန်းအကြံပေးပုဂ္ဂိုလ် Mr.Christopher Carter က မိတ်ဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတို့မှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလ နှစ်ရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မြတ်ဝေ**

# ကျေးရွာငါးရွာ မီးလင်းရေးအတွက် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်

**တာချီလိတ် ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း ကျေးရွာငါးရွာ၌ မီးလင်းရေးအတွက် ငွေကျပ်သိန်း ၄၈၀ ကျော်တန်ဖိုးရှိ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်း အစုံ ၂၄၀ ကို တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒီဇင်ဘာ ၁၉ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

မိုင်းကိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည့် ဆိုလာပြားများ ပေးအပ်ပွဲတွင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်ဝင်းမောင်က ဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် လမ်း၊တံတားများတည်ဆောက်ခြင်း၊ ရေရရှိရေး လုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်း၊ ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လမ်းခြောက်လမ်း၊ တံတားရှစ်စင်း၊ ရေရရှိရေးလုပ်ငန်း ၁၂ ခုနှင့် ဆိုလာစနစ်ဖြင့် ကျေးရွာ ၁၄ ရွာ မီးလင်းရေးလုပ်ငန်း၊ ကျေးလက်အိမ်သာ ၁၁ ခုတို့ကို ဆောင်ရွက်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။



ထို့နောက်ပါတောင်း(ရွာဟောင်း)ကျေးရွာသို့ ငွေကျပ် ၁၉၈ သိန်းတန်ဖိုးရှိ ဆိုလာမီး ၉၉ စုံ၊ ပါတောင်း(ရွာသစ်)သို့ ငွေကျပ် ၉၈ သိန်းတန်ဖိုးရှိ ဆိုလာမီး ၄၉ စုံ၊ ပန်အန်ကျေးရွာသို့ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ ဆိုလာမီးအစုံ ၃၀၊ ပါဘီး ၅ ကျေးရွာသို့ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ ဆိုလာမီး အစုံ ၃၀ နှင့် ပန်တော်ချေကျေးရွာသို့ ငွေကျပ် ၆၄ သိန်းတန်ဖိုးရှိ ဆိုလာမီး ၃၂ စုံကို ကျေးရွာကိုယ်စားလှယ်များထံ ပေးအပ်ကာ ဆိုလာမီးများ တပ်ဆင်အသုံးပြုနည်းများကို ဆိုရှယ်ဗွီးရှင်းကုမ္ပဏီမှ တာဝန်ရှိသူများက လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ဝေယံလင်း**

# ငါ့သရောက် - ညောင်ဦး ကျောက်ချောလမ်း ပြုပြင်ပြီးစီးတော့မည်

**ငါ့သရောက် ဒီဇင်ဘာ ၂၂**

ယခုနှစ်တွင် မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ငါ့သရောက် - ညောင်ဦး ကျောက်ချောလမ်းအရှည်ပေ ၁၂ မိုင် ၄ ဖာလုံကို ဒေသခံပြည်သူများသွားလာနိုင်စေရန် ရည်ရွယ်၍ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၉၃ ဒသမ ၈၄၈ သိန်းဖြင့် ရေကျော်များကို ကွန်ကရစ်များ တည်ဆောက်ခြင်းနှင့် ပျက်စီးနေသည့်နေရာများကို ဂျင်းမြေသားများအသုံးပြု၍ အသစ်ပြန်လည်ပြုပြင်ပေးလျက်ရှိပြီး လမ်းပြုပြင်ခြင်းလုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ထိုသို့ ငါ့သရောက်မြို့နယ် ဒေသခံပြည်သူများ ရာသီမရွေး သွားလာခွင့်ရရှိစေရန်နှင့် ဒေသထွက်ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရန်အတွက် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ငါ့သရောက် - ညောင်ဦး လမ်းအရှည်ပေ ၁၂ မိုင် ၄ ဖာလုံကို ယခုနှစ် အသစ်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Join full ကုမ္ပဏီနှင့် စာချုပ်ချုပ်၍ လုပ်ငန်းများ လုပ်ကိုင်စေခဲ့ကြောင်း သိရသည်။ အဆိုပါ Join full ကုမ္ပဏီမှ တာဝန်ရှိသူ ဦးရဲထူးနှင့်အဖွဲ့သားများက သတ်မှတ်ချိန်အတွင်း လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးနိုင်ရေး ကြိုးစားလုပ်ကိုင်ဆောင်ရွက်ခဲ့ရာ မကြာမီအချိန်တွင် လုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်ကြောင်း၊ ကျန်ရှိသည့် လုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ ယခုအခါ ငါ့သရောက် - ညောင်ဦးလမ်းမှာ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ လွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်သည့်အတွက် အဆင်ပြေနေကြကြောင်း Join full ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ပြပွဲများကျင်းပ

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို အထက(၁)ကျောင်း ပေလေးပင်ခန်းမ၌ ဒီဇင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ချိုမီအောင်က ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်ခြင်းအလေ့အထ ရရှိစေရေး၊ လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံနှင့် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကြောင်း၊ ဟောပြောပွဲနှင့် ပြပွဲများ ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လွတ်လပ်ရေးနေ့နှင့် ပတ်သက်သည့် နံရံကပ်စာစောင်များ၊ ဓာတ်ပုံများနှင့် သုတရသ စာအုပ်စာစောင်များကို ခင်းကျင်းပြသခဲ့ပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။ **(အောက်ပုံ)**

(၀၂၁)



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ရက်ကန်းသင်တန်းဆင်းပွဲ ကျင်းပ

**ကန့်ဘလူ ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သင်ကြားခဲ့သော အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်းများမှ ရက်ကန်းသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အမှတ်(၁)ရပ်ကွက် ဘက်စုံကွက်သစ်ရှိ ရက်ကန်းသင်တန်း၌ ကျင်းပသော သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသောင်းငွေတို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။ အဆိုပါ ရက်ကန်းသင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သုံးလကြာသင်ကြားခဲ့ကာ သင်တန်းသို့ ကန့်ဘလူမြို့နယ်အတွင်း ရေဘေးကြုံတွေ့ခဲ့သော ကျေးရွာများမှ သင်တန်းသူ ၁၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာများမှ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ကန့်ဘလူမြို့နယ်ကျေးလက်ဦးစီးဌာနအနေဖြင့် သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ ရက်ကန်းသင်တန်းအပြင် ဆိုင်ကယ်ပြင်သင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကျေးရွာနှစ်ရွာတွင် ဆိုလာ ၁၉၇ စုံတပ်ဆင်ပေး

**စဉ့်ကိုင် ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ မီးလင်းရေးအတွက် ဆိုလာမီးများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တပ်ဆင်ပေးခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်အထိ ဆိုလာမီး ၁၉၇ စုံကို တပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နှင့်အလှမ်းကွာဝေးပြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိရန်လည်း ခက်ခဲသောထန်းတောကျေးရွာအုပ်စု ရေကင်းကုန်းကျေးရွာတွင် ဆိုလာမီး ၁၀၇ စုံနှင့် မီးသွေးဘုတ်ကျေးရွာအုပ်စု၊ အုတ်ဖိုပြင်ကျေးရွာတွင် ဆိုလာမီးအစုံ ၉၀ ကို စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်းမာစန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းတပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## အထူးကျေးဇူးတင်ရှိခြင်း

ပုသိမ်တက္ကသိုလ်၌ ဒီဇင်ဘာလ (၅)ရက်နေ့နှင့် (၆)ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ် မြန်မာ–ဂျပန်သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသိန်းအောင်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ စာတမ်းဖတ်ကြားပေးခဲ့ကြသော ပြည်တွင်းတက္ကသိုလ်များမှ စာတမ်းရှင်များ၊ တက်ရောက်သူများ၊ ဦးစီးဌာနများမှ စာတမ်းရှင်များ၊ ဂျပန်နိုင်ငံတက္ကသိုလ်(၂၂)ခုမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခ ချုပ်များ၊ မဟာဌာနမှူးများ၊ ပါမောက္ခများ၊ သုတေသနပညာရှင် (၁၁၀)ဦး၊ ထိုင်းနိုင်ငံ Chiang Mai University၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Chittagaung University၊ အမေရိကန်နိုင်ငံ Cornell University နှင့် ဂျပန်နိုင်ငံ၌ရှိသည့် ကိုရီးယား၊ အင်ဒိုနီးရှား၊ နီပေါတို့မှ ဆရာ၊ ဆရာမများနှင့်သုတေသနပညာရှင်များ၊ အခမ်းအနားဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကူညီပံ့ပိုးပေးပါသော တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲများ၊ San Family and Queen Ayeyawady Co.,Ltd. Family United Power Co., Ltd, i-Green Co., Ltd, Influence Co., Ltd, ငွေထီးဓာတ်ပုံလုပ်ငန်း(ပုသိမ်)၊ Ngwe Thazin Printing & Media Services (ရန်ကုန်)၊ ပုသိမ်တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအားလုံးကို အထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးမော်ကွန်းတင်အပ်ပါသည်။

**ပုသိမ်တက္ကသိုလ်**
**Second Myanmar - Japan Symposium**
**ကျင်းပရေးကော်မတီ**

---

### စစ်တက္ကသိုလ်အပတ်စဉ်(၁၃)
### တတိယအကြိမ်ဆရာကန်တော့ပွဲ

စစ်တက္ကသိုလ်အပတ်စဉ်(၁၃) ကျောင်းဆင်းများ၏ တတိယအကြိမ် ဆရာကန်တော့ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခန်းမ၌ကျင်းပပြုလုပ်ပါမည်။

ကျောင်းဆင်းသူငယ်ချင်းရောင်းရင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ဆရာကန်တော့ပွဲအတွက် မိမိတို့စေတနာအလျောက် တတ်နိုင်သမျှ အလှူငွေ/ပစ္စည်းများထည့်ဝင် လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်–

| | | | |
|---|---|---|---|
| ခင်အောင် | ဖုန်း ၀၉-၇၃၂၀၈၆၇၁ | တင့်လွင်ဦး | ဖုန်း ၀၉-၅၀၀၁၀၀၇ |
| အောင်မြင့် | ဖုန်း ၀၉-၅၁၃၂၅၂၀ | ဝင်းကြည် | ဖုန်း ၀၁-၇၀၅၄၈၂ |
| ကိုကိုထွေး | ဖုန်း ၀၉-၅၀၁၄၈၂၁ | မောင်မောင်ဝင်း | ဖုန်း ၀၉-၅၀၀၉၃၈၉ |

---

## ဝင်ငွေခွန်ပေးဆောင်ရန် တာဝန်ရှိသူများ

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ဝင်ငွေခွန်ထမ်းဆောင်ရန် လိုအပ်ပါကြောင်း အသိပေးအပ်ပါသည်–

* လစာ၊ လုပ်ခနှင့်ထပ်ဆောင်းရရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်မှ ဘဏ္ဍာနှစ် တစ်နှစ်အတွင်း သက်သာခွင့်များနုတ်ပယ်ပြီး စုစုပေါင်းဝင်ငွေကျပ်သိန်း ၂၀အထက်ရရှိသူ။
* အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ပစ္စည်းနှင့် အခြားဝင်ငွေရလမ်းများမှ ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ကုန်ကျသည့်စရိတ်နှင့် သက်သာခွင့်များနုတ်ပယ်ပြီး စုစုပေါင်း ဝင်ငွေကျပ်သိန်း ၂၀အထက်ရရှိသူ။
* သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမ အသင်းဖြစ်ပါက ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ကုန်ကျသည့်စရိတ်နှင့် သက်သာခွင့်များ နုတ်ပယ်ပြီး စုစုပေါင်းဝင်ငွေကျပ်သိန်း ၂၀အထက်ရရှိသူ။
* မြေ၊ အိမ်၊ အဆောက်အအုံ၊ တိုက်ခန်းစသည့် အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ လွှဲပြောင်းခြင်း ပြုလုပ်သည့် တန်ဖိုးသည် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ကျပ်သိန်း၁၀၀ထက်ပို၍ မြတ်စွန်းငွေရရှိသူ။
* မြေ၊ အိမ်၊ အဆောက်အအုံ၊ တိုက်ခန်း စသည့်အခြေပစ္စည်းများကို ဝယ်ယူရာတွင် ဝင်ငွေရလမ်း အပြည့်အဝတင်ပြနိုင်ခြင်းမရှိသူ သို့မဟုတ် ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိသူ။
* အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် မေးမြန်းနိုင်ပါသည်။

**အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့**

---

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၅)၊ ဆိပ်ဖြူမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းပေါ်ရှိ ဆင်ဖြူကျွန်းတံတား(နွယ်တမယ်)၏ သစ်သားကြမ်းခင်းများပြုပြင်ခြင်းလုပ်ငန်းတွင် လိုအပ်သောပျဉ်းကတိုးအုပ်စုဝင် သစ်မာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာ ပုံစံများကို တံတားအထူးအဖွဲ့(၅)၊ ဆိပ်ဖြူမြို့၊ ဒု-ညွှန်ကြားရေးမှူး(ရုံး) ဖုန်း-၀၆၁-၃၀၃၇၅တွင် ၂၃-၁၂-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၁၂-၂၀၁၅ရက် ညနေ ၄နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မင်းဘူးခရိုင်
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃-၁-၂၀၁၆ရက် နံနက် ၉နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

### ပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | လုပ်ငန်းအကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | သီလဝါကမ်းနားဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆိပ်ခံတံတားနှင့်ဆိပ်ကမ်းဆိုင်ရာ အဆောက်အအုံများအတွက် လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်းလုပ်ငန်း | 1-Lot |

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၇-၁-၂၀၁၆ ရက် ၁၃:၀၀ နာရီ

၂။ တင်ဒါပုံစံများကို ၂၄-၁၂-၂၀၁၅ရက်မှစ၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်လုပ်ငန်းဌာနခွဲ ဖုန်း-၀၁-၈၆၁၀၂၂၁သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။

**စီမံရေးနှင့် လုပ်ငန်းဌာနခွဲ**
**သိမ်ဖြူသင်္ဘောကျင်းဝင်း**
**အမှတ် (၅၅၇/၅၅၉)၊ ကမ်းနားလမ်း**
**ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/2032, Toyota Townace KM 85,P/U(4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန်း ၁၂/ပဘတ(နိုင်)၀၂၉၅၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

---

